# ကြေးမုံ
# The Mirror

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ ကြာသပတေးနေ့၊ **(28-10-2010)** (၆၅၆၅)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ ကျင်းပမည့် (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော် အောက်တိုဘာ ၂၇

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာငုယင်တန်ဇွန်း၏ ဖိတ်ကြားချက်အရ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပမည့် (၁၇)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့ နံနက် ၁၀ နာရီတွင် အထူးလေယာဉ်ဖြင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသို့ ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

# ကြံခင်း-ပခုက္ကူ ရထားလမ်းစီမံကိန်း မိုင် ၃၂၀ တွင် မိုင် ၆၀ ခရီးသာကျန်ရှိတော့၊ ကျန်ရှိသည့် ရထားလမ်းပိုင်းကို အမြန်ပြီးအောင်ဖောက်လုပ်၊ ရထားလမ်းပြီးစီးသွားပါက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မှ ထွက်ကုန်ပစ္စည်းများကို စရိတ်နည်းနည်းဖြင့် အညာဒေသများသို့ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်၍ ပြည်သူများအတွက် အကျိုးရှိမည်ဖြစ်

နေပြည်တော် အောက်တိုဘာ ၂၇

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အဖွဲ့ဝင်များလိုက်ပါလျက် အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကြံခင်း၊ မြန်အောင်၊ ဟင်္သာတနှင့် ညောင်တုန်းမြို့နယ်များ၏ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❒

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ကြံခင်းဘူတာရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။** (အပေါ်ပုံ) (သတင်းစဉ်)

## မြကြေးမှုံ The Mirror

၂၈-၁၀-၂၀၁၀
(ကြာသပတေးနေ့)

# ဒီမိုကရေစီအုတ်မြစ်ခိုင်မာရေး ကိုယ်စီမဲပေး

နိုင်ငံတစ်ဝန်း၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး မကြာမီ ကျင်းပတော့မည်။ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်က လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျပြင်ဆင်လျက်ရှိသည်။ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးဆွေးနွေးပွဲ၊ ဆန္ဒမဲပေးသရုပ်ပြပွဲများ နေရာအနှံ့ ဆောင်ရွက်နေကြပြီ။

နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်လောင်းများ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုများ အပြိုင်အဆိုင် ကြိုးပမ်းနေကြပြီ။ ပါတီ၏ မူဝါဒ သဘောထား လုပ်ငန်းစဉ်၊ ပါတီသတင်းလွှာ၊ လက်ကမ်းစာစောင်များ တရားဝင်ဖြန့်ချိဝေငှနေကြပြီ။ တစ်အိမ်တက်ဆင်း လိုက်လံတွေ့ဆုံ စည်းရုံးမှုမှသည် အစုအဝေးဖြင့် ဟောပြောစည်းရုံး လှုပ်ရှားမှုမြင်ကွင်းများ တွေ့နေရပြီ။ ပါတီနိုင်ငံရေးနှင့် ရွေးကောက်ပွဲတစ်ရပ်၏ သရုပ်သကန် ဟန်ချက်ညီညီ ပီပြင်မှုရှိနေပေပြီ။

မဲဆန္ဒရှင် ပြည်သူများအတွင်း ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုများ မြင့်တက်လာလျက်ရှိသည်။ မဲပေးရမည့်ပါတီ၊ မဲပေးရမည့် ကိုယ်စားလှယ်လောင်းများအပေါ် နှိုင်းယှဉ်စဉ်းစား ရွေးချယ်နေရခြင်းသည် လူတိုင်းအတွက် အတွေးအာရုံ စူးနစ်မှုတစ်ရပ် ဖြစ်နေပြီ။ ပြည်သူများ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဆီသို့ ဦးတည်ချီတက်နေသည်ကို ဖော်ညွှန်းလျက်ရှိသည်။

ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတစ်ဦး၏ အခြေခံရပိုင်ခွင့်၊ အခြေခံတာဝန်ဖြစ်သည်။ လူတိုင်း လူတိုင်း ကိုယ်ယုံကြည်နှစ်သက်ရာပါတီနှင့် ပုဂ္ဂိုလ်ကို လွတ်လပ်စွာ ဆန္ဒမဲပေးရွေးချယ် တင်မြှောက်ပိုင်ခွင့်ရှိခြင်းသည် ဒီမိုကရေစီအခွင့်အလမ်းတစ်ရပ်ဖြစ်သည်။ ဒီမိုကရေစီသည် လူတစ်ဦးချင်းစီ၏ စုပေါင်းအား၊ ပြည်သူများ၏ စုပေါင်းစွမ်းအားဖြင့် ထူထောင်တည်ဆောက်ရသည့် စနစ်မျိုးဖြစ်၍ ပြည်သူအားလုံး လက်တွဲပါဝင်ကြရန် ကိုယ်စီတာဝန်ရှိသည်။

မဲဆန္ဒရှင်ပြည်သူသန်းပေါင်းများစွာက မိမိနိုင်ငံ၏ ရွေးကောက်ပွဲတွင် တာဝန်ကျေစွာ ရာနှုန်းပြည့် မဲပေးကြခြင်းသည် ပြည်သူတို့၏ နိုင်ငံရေးနိုးကြားမှု၊ နိုင်ငံရေးအသိအမြင် မြင့်မားမှုကို ဖော်ပြနေသည်။ နိုင်ငံနှင့်ပြည်သူအတွက် မိမိကျရာတာဝန်ကို အလေးထားပြီး ထုတ်ဖော် ဆန္ဒမဲပေးခြင်းသည် နိုင်ငံသားတစ်ဦး၏ တာဝန်ယူမှု၊ တာဝန်ကျေပွန်မှုကို ပြသသည်။ လူတိုင်းကိုယ်စီ ဆန္ဒမဲပေးခြင်းသည် နိုင်ငံ၏ ဒီမိုကရေစီ အုတ်မြစ်ပိုမိုခိုင်မာအောင် တည်ဆောက်ရာတွင် ပါဝင်ကြိုးပမ်းနေခြင်း ဖြစ်သည်။

ဒီမိုကရေစီပန်းတိုင်သည် လက်တစ်ကမ်းတွင်ရောက်နေပြီ။ ဒီမိုကရေစီနှင့်ထိုက်တန်သည့် နိုင်ငံသားများဖြစ်ကြောင်း ပြသရမည်။ ဆန္ဒမဲပေးရာတွင် နိုင်ငံနှင့်ပြည်သူ့အကျိုး စွမ်းစွမ်းတမံ သယ်ပိုးထမ်းဆောင်မြှင့်တင်ပေးနိုင်မည့်ပါတီနှင့် မိဘပြည်သူများ၏ လိုအင်ဆန္ဒမှန်သမျှ ဖြည့်စွမ်းဖော်ဆောင်ပေးနိုင်မည့် ကိုယ်စားလှယ်လောင်းများကို မှန်မှန်ကန်ကန် ဆန္ဒမဲပေးရွေးချယ်ကြခြင်းဖြင့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်သွားကြရမည် ဖြစ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၁၀-၂၀၁၀ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ အင်္ဂုဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈း၀၅ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၈း၁၀ ၆။ အတီးပြိုင်ပွဲ
၈း၂၀ ၇။ "အမှန်ထင်နေသောအမှား"
၈း၃၀ ၈။ အကပဒေသာ
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၃း၃၀ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (Delta United F.C နှင့် ဇွဲကပင်ယူနိုက်တက် F.C)
၅း၀၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၅း၁၀ ၃။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၅ ၄။ တေးဂီတအစီအစဉ်
၅း၃၀ ၅။ "သိပ္ပံနှင့် သဘာဝပတ်ဝန်းကျင်"
၅း၄၀ ၆။ "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဝင်များ)
၆း၀၀ ၇။ ညနေခင်းသတင်း
၆း၁၅ ၈။ မိုးလေဝသအခြေအနေ
၆း၂၀ ၉။ **ပျော်ရွှင်စေသော နေ့ရက်များ "ချစ်သူကော်ဖီ" (အပိုင်း-၂၉) (သူရလင်း၊ ယုဇနဗိုလ်မြင့်၊ ရွှေပန်းချီ) (ဒါရိုက်တာ-အောင်ကျော်သူရ)**
၆း၃၅ ၁၀။ ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကာရန်မဲ့. . . ရင်ခုန်သံ" (အပိုင်း-၇)**
၈း၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် (ဒုတိယအကြိမ်)
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ "လူမှုဘဝမြင့်မားရေး လျှပ်စစ်ဓာတ်အား ဖြည့်ဆည်းပေး"
၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့နယ်နိမိတ်" (ပထမတွဲ) (အပိုင်း-၃၁)**
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၅)**
၁၉။ အစီအစဉ်ပြီး၏။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်းနှင့် ဝန်ကြီးများ မြေပုံနှင့် ပေါက်တောမြို့နယ်တို့ရှိ လေဘေးသင့်အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပြီး

## ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၇

**ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့သည် အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းတွင် မြေပုံမြို့ပေါ်ရှိ ရပ်ကွက်များ၌ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ ပူးပေါင်း၍ မုန်တိုင်းဒဏ်ကြောင့် လဲပြိုနေသော သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်း၊ သစ်ကိုင်းများနှင့် အမှိုက်များအား ဖယ်ရှားရှင်းလင်းခြင်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုပြီး လေဘေးသင့်မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။**

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့သည် ရေယာဉ်ပေါ်၌ မြေပုံမြို့ပေါ်ရှိ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မြေပုံမြို့နယ် အနီးပတ်ဝန်းကျင် ကျေးရွာများမှ ကျေးရွာဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လေဘေးသင့်မိသားစုနေအိမ်များ၊ ရုံးအဆောက်အအုံများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားကြသည်။

ဆက်လက်၍ ပေါက်တောမြို့သို့ ရောက်ရှိကြပြီး ဆိပ်ကမ်း၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ တာဝန်ရှိသူများက မုန်တိုင်းတိုက်ခတ်မှုကြောင့် ပေါက်တောမြို့နယ်ရှိ ကျေးရွာများ၊ လူနေအိမ်များ ပျက်စီးမှုအခြေအနေများနှင့် စပ်လျဉ်း၍ တင်ပြကြပြီး တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ မှာကြားကာ ကျေးရွာများအတွက် ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

### အမှာစကားပြောကြား

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့သည် စစ်တွေမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံ၍ အောက်တိုဘာ ၂၂ရက်တွင် တိုက်ခတ်ခဲ့သော ဂီရိအမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိ ကျောက်ဖြူ၊ မြေပုံ၊ မင်းပြား၊ မာန်အောင်၊ ရမ်းဗြဲ၊ ပေါက်တောနှင့် အမ်းမြို့နယ်တို့အတွင်းရှိ ကျေးရွာများ၌ ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသော မြို့မိမြို့ဖများ၊ တာဝန်ရှိသူများက ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးနိုင်မှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)



## Myanmar ICT Exhibition 2010 ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၇**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)က ကြီးမှူးပြီး မြန်မာနိုင်ငံ ကွန်ပျူတာ ပညာရှင်အသင်း (MCPA) နှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA) တို့ ပူးပေါင်းကျင်းပမည့် Myanmar ICT Exhibition 2010 ကို ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ အောက်တိုဘာ ၂၉ ရက်မှ ၃၁ ရက် အထိ နံနက် ၉ နာရီမှ ညနေ ၅နာရီခွဲအထိ ကျင်းပမည်ဖြစ်သည်။ ပြပွဲကို မြန်မာနိုင်ငံ၏ အိုင်တီကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အိုင်တီကဏ္ဍကို အထူးစိတ်ဝင်စားသော ကုန်ထုတ်လုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များနှင့် ပြည်သူလူထုတို့အား ကွန်ပျူတာပစ္စည်းများ၊ ကွန်ပျူတာဆက်စပ်အပိုပစ္စည်းများ၊ နောက်ဆုံးပေါ် အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆက်သွယ်ရေးကိရိယာများနှင့် ကွန်ပျူတာအသုံးချဆော့ဖ်ဝဲနည်းပညာများကို တစ်နေရာတည်းတွင် ကြည့်ရှုလေ့လာနိုင်စေရန် ရည်ရွယ်ပြီး Myanmar ICT Exhibition 2010 ကို စီစဉ်ရခြင်းဖြစ်သည်။

ပြပွဲတွင် ICT ကုမ္ပဏီများ၊ အီလက်ထရွန်နစ်ကုမ္ပဏီများ၊ သင်တန်းကျောင်းများ အစရှိသည်တို့ ပါဝင်ပြသကြမည်ဖြစ်သည်။ Myanmar ICT Exhibition 2010 တွင် ကုမ္ပဏီ ၆၃ ခု ပါဝင်ပြသမည်ဖြစ်သည်။

နည်းပညာကို စိတ်ဝင်တစားလေ့လာချင်သူများ၊ ပညာရှင်များ၊ နည်းပညာကျောင်းသား၊ ကျောင်းသူများနှင့် နောက်ဆုံးပေါ် IT Product များကို သီးသန့်ဝယ်ယူချင်သူ၊ လေ့လာချင်သူများအတွက် ဗဟုသုတများရယူနိုင်စေမည့် ပြပွဲတစ်ခုပင်ဖြစ်သည်။ ၎င်းပြပွဲတွင် IT Survey များ ကောက်ယူမည်ဖြစ်ပြီး Computer, Laptop စသည့် ဆုကြီးများကို ချီးမြှင့်ပေးမည့်အစီအစဉ်များလည်း ပါရှိသည်။

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းများ ပူးပေါင်းပြုလုပ်ခဲ့သည့် ICT Exhibition များသည် ၁၉၉၉ ခုနှစ် အောက်တိုဘာလမှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး IT နှင့် ဆက်စပ်ပစ္စည်းများကိုသာ သီးသန့်လေ့လာ ဝယ်ယူနိုင်မည့်ပွဲများဖြစ်သည်။ အထူးဈေးနှုန်းများဖြင့် ရောင်းချခြင်း၊ နည်းပညာအသစ်များကို မိတ်ဆက်ခြင်း အထူးကဏ္ဍများ ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၀-၂၀၁၀
(ကြာသပတေးနေ့)

AM & PM

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ဇေဂုသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ "သံယောဇဉ်ဖြတ်နည်း နိဿယျဉ်း" တရားတော် (ဆရာတော် အရှင်ဩဘာသသိရီ)
၆း၃၅ ထင်ရှားဖူးမြော် ပင်းတယ ရွှေဥမင်းသဘာဝလိုဏ်ဂူတော်
၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၅၇)**
၇း၃၀ **MRTV-4** သတင်း
၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၄)**
၈း၅၀ ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ
၉း၂၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ဘာမီတွန်"
၉း၄၅ Science For All (ရုပ်မြင်သံကြားစက်များ ပြောင်းလဲတိုးတက်လာပုံ)
၁၀း၀၅ အနိုင်ယူချင်တာအချစ်လား တေးစီးရီးမိတ်ဆက်
၁၀း၁၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူးမွေးမြူတို့အတူ (အင်းလေးဒေသရဲ့ ထူးခြားတဲ့ငါး "ငါးဖိန်း")
၁၀း၂၅ ကြည်လင်ဝင်းပ သဘာဝ ဆေးစွမ်းအလှ
၁၀း၄၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၁း၁၀ The Champion of Dance
၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကတေး"(အပိုင်း-၁၄)
၁၂း၀၅ Activities In The City (သရုပ်ဆောင်သစ် ကျော်ကျော် ဗီဒီယိုဇာတ်ကားများ မိတ်ဆက်ပွဲ)
၁၂း၂၀ ဖက်ရှင်လမ်းညွှန် (Silk & Style)
၁၂း၄၅ ရန်ကုန်မြင်ကွင်းကျယ် (GETC 1st Semester Course Ending party & 2nd Semester Opening house)
၁း၀၀ "သံယောဇဉ်ဖြတ်နည်း နိဿယျဉ်း" တရားတော် (ဆရာတော် အရှင်ဩဘာသသိရီ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ ပတ္တမြားမြေသို့ အလည်တစ်ခေါက်
၂း၄၀ ရန်ကုန်မြင်ကွင်းကျယ် (SGS Myanmar ISO Standard Certification Seminar)
၃း၀၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (မေတ္တာနက်ရှိုင်း ပုလဲလှိုင်း)
၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၅၇)**
၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၄)**
၄း၅၅ Activities In The City (Operation Smile's Myanmar Singapore Friendship Medical Mission ဖွင့်ပွဲ)
၅း၀၅ ဓာတ်ပုံထဲမှအမှတ်တရများ (ဝါဆိုမိုးဦး)
၅း၃၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကတေး"(အပိုင်း-၁၄)
၆း၀၀ MRTV-4 သတင်း
၆း၂၀ ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)
၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၅၈)**
၇း၁၅ Style ရှိမှ Star ဖြစ်မယ်
၈း၀၀ MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
၈း၃၀ စကားနပန်း (အိမ်ကပ်တာကောင်းတယ်၊ အိမ်မကပ်တာကောင်းတယ်)
၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၅)**
၁၀း၂၀ အနုပညာမိုးကောင်းကင်
၁၀း၄၅ Activities In The City (INSEE DIAMOND မိတ်ဆက်ပွဲအခမ်းအနား)
၁၀း၅၅ ဖက်ရှင်လမ်းညွှန် (Silk & Style)
၁၁း၂၀ ဂီတသရုပ်ပြခန်း (တေးသံရှင်ကြယ်စင်လင်းနှင့် တွေ့ဆုံခြင်း)
၁၁း၃၅ ယွန်းအနုပညာတစ်ခု၏ ဖြစ်တည်ရာ
၁၁း၅၅ သင်ယူလေ့လာဂီတပညာ (Audio Engineering Module 01)
၁၂း၃၀ ကလေးများ၏ကျန်းမာဖွံ့ဖြိုးရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာမြင့်မြင့်သန်း)
၁၂း၅၀ စွမ်းရည်ထက်မြက် မြန်မာ့မျက်လှည့်
၁း၁၀ ပိတုန်းရောင် ကေသာဦးအတွက်
၁း၂၀ ခေတ်ပြိုင်ဂီတ မှတ်တိုင်များ (တက္ကသိုလ်အေးမောင်)
၂း၀၀ စက္ကူလွှင့်လွှင့် ပန်းယဉ်ယဉ် အလှဆင်စေချင်
၂း၁၀ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ ခင်သီတာအုန်းနှင့် တွေ့ဆုံခြင်း)
၂း၃၅ ဘဝများ (မြန်မာမှု ဦးမျိုးဝင်း)
၂း၅၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (စံပယ်ဖြူအလှဆင်ပန်း)
၃း၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၅ Man And The Elephant (အပိုင်း-၁)
၄း၂၅ Shooting Location (မြခွာညို)
၄း၄၀ နိဗ္ဗာန်ကိုရည်သန်. . . ဖူးကြမည် ဇေယျကျိုက်သလ္လံ
၅း၀၀ အစီအစဉ်ပြီး။

## ပို့ဆောင်နှုတ်ဆက်

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၌ကျင်းပမည့် (၁၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်ထိပ်သီး အစည်းအဝေးများသို့ တက်ရောက်ရန် ထွက်ခွာသွားသော နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။** (သတင်းစဉ်)

**❍ နိုင်ငံတော်မှ**

ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Chu Cong Phungနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

### လိုက်ပါသွား

နိုင်ငံတော်ဝန်ကြီးချုပ်ဦးသိန်းစိန် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ဌာနဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ လိုက်ပါသွားကြသည်။

(သတင်းစဉ်)

## ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၇**

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆) အမှတ် (၄၂)တွင် “Political Times” အထူးအချပ်ပို အပါအဝင် “တရားမျှတ လွတ်လပ်ခြင်းများဖြင့် မဲပေးခွင့်ရရှိရေး ဆောင်ကြဉ်းပေး” နိုင်ငံရေးသုံးသပ် မျက်နှာဖုံးဆောင်းပါး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) နိုင်ငံရေးကော်မတီကြီး အတွင်းရေးမှူး ဦးသိန်းထွန်းနှင့် တွေ့ဆုံခြင်း အပါအဝင် ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဆရာကြီးမောင်စူးစမ်း ရေးသားသည့် “ဇာတ်ကောင်အခြေစိုက် ပါရာဒိုင်းသို့ရွေ့ခြင်း”၊ ဆရာဦးကိုကိုလှိုင် ရေးသားသည့် “ဉာဏ်သာလျှင်ရှေ့သွားရှိသည်ဖြစ်၍”၊ တစ်မြို့တည်းတွင် ရွေးကောက်ပွဲဝင်ရောက်မည့် တစ်အိမ်တည်းနေ မိသားစုဝင်နှစ်ဦးဖြစ်သူ ဦးညဏ်ထွန်းဦး၊ ဦးနန္ဒကျော်စွာတို့နှင့် တွေ့ဆုံခြင်းစသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊မြန်မာ-တရုတ် စီးပွားရေးပူးပေါင်းမှုတိုးမြှင့်ရန် ကျောက်ဖြူ-ရွှေလီရထားလမ်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းတို့အပြင် အထူးစက်မှုဇုန် တစ်ခုပါ တည်ထောင်မည်၊ မလေးရှား၌ မြန်မာလုပ်သား ၁၀ ဦး ဓားပြတိုက်ခံရမှုတွင် ပို့ဆောင်ပေးသော မြန်မာအေးဂျင့်များထဲမှ နှစ်ဦး အမည်ပျက်စာရင်းသတ်မှတ်ခံရ၊ မြန်မာအပါအဝင် ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ လာအို လေးနိုင်ငံ ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန် ဝန်ကြီးဌာနအဆင့် သဘောတူ လက်မှတ်ရေးထိုး၊ “ငယ်ငယ်ကတည်းက အဆိုတော်ဖြစ်ချင်ခဲ့တာ” ဝိုင်းစုခိုင်သိန်းနှင့် လိုတို့ဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍ အပါအဝင် သတင်း စုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

ကာတာလေကြောင်းလိုင်း လေယာဉ်ပျံသန်းစဉ် လေယာဉ်မှူးတစ်ဦး ရုတ်တရက် နှလုံးရောဂါ ဖောက်ပြန်သေဆုံး၊ ထူးဆန်းထွေလာ နားအတွင်း “သွား” ဝင်လေသတဲ့၊ ဂျာမနီမှ လွှတ်တင်ထားသော ဂြိုဟ်တုနှစ်လုံး ကမ္ဘာ့မျက်နှာပြင်ကို အသေးစိတ်ရိုက်ကူးနေ “မိုက်မဲလွန်းသည့်သားက မိဘနှစ်ပါးကို သတ်သည့်အမှု လန်ဒန်တွင်ဖြစ်ပွား” မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေ ရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာ ကဏ္ဍများ စုံလင်စွာပါရှိသည်။

(သတင်းစဉ်)

## မီးဘေးကြိုတင်ကာကွယ်

**ချောင်းဆုံ အောက်တိုဘာ ၂၇**

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှတ်(၂) မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင်များနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက ဈေးသူ၊ ဈေးသားများအား မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြ လေ့ကျင့်ပေးနေမှုကို အမှုဆောင်အရာရှိ ဦးကိုကိုနိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးစိုးနိုင်တို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၂၈-၁၀-၂၀၁၀ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၃၀ ၃။ ဓမ္မပူဇာတေး
- ၇း၃၅ ၄။ မျိုးချစ်တပ်မတော်
- ၇း၄၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၁၅ ၂။ အဖွင့်သီချင်း
- ၄း၂၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၄၀ ၄။ အမျိုးသားရေးတေးကဗျာ
- ၄း၄၅ ၅။ မွေးမြူသုတ
- ၄း၅၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၀၀ ၇။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၂၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၂၅ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၈)**
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၅ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၂။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၃။ ထူးဆန်းထွေလာ မျက်လှည့်ပညာ
- ၆း၄၅ ၁၄။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ(အပိုင်း-၁၆)
- ၇း၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း ဖြူစင်သောအားမာန် (အပိုင်း-၁)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံရေးပါတီများ ဟောပြောချက်
- ၁၉။ ဘယ်လိုမဲပေးကြမှာလဲ
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ အနုပညာရှင်၏ တစ်နေ့တာ
- ၂၃။ ကုန်သွယ်သုတ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၉)**
- ၂၆။ ဂီတရင်ခုန်သံ
- ၂၇။ သင့်အတွက်မနက်ဖြန်
- ၂၈။ အပိတ်နှုတ်ဆက်စကား
- ၂၉။ ပြီးပါပြီ။

## ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ ဝန်ကြီး ဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၇

**အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် အောက်တိုဘာ ၂၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း အမှတ်(၁) မော်တော်ယာဉ်ထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိပြီး အကြီးစား ကုန်တင်ယာဉ် ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။**

ဆက်လက်၍ ဝန်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြန်မာ့စက်ကိရိယာနှင့် လျှပ်စစ်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံသို့ သွားရောက်ပြီး စက်ရုံမှူးဆိုလာနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဝန်ကြီး ဦးစိုးသိန်းသည် အောက်တိုဘာ ၂၆ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်ရှိ အမှတ်(၁) လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှု စက်ရုံ (ဆင်တဲ)၊ အမှတ်(၂)မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံ(ထုံးဘို)နှင့် အမှတ်(၁) စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ (ညောင်ခြေထောက်)တို့သို့ သွားရောက်၍ စက်ရုံ၏ ကုန်ထုတ်လုပ်မှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဝန်ကြီးသည် ယင်းသို့ စက်ရုံများကို ကြည့်ရှုစစ်ဆေးစဉ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်၏ ပထမခြောက်လကာလအတွင်း ကုန်ထုတ်လုပ်မှု၊ ရောင်းချမှုနှင့် ငွေကြေးသုံးစွဲမှု အခြေအနေများကို သုံးသပ်ဆွေးနွေးပြီး အဆိုပါ ကာလအတွင်း ထူးချွန်စွာဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ဆုကြေးငွေများကို စက်ရုံအလိုက် ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## STI Education ၏ Advanced Diploma in Logistics Management I,II သင်တန်း စတင်တော့မည်

**ရန်ကုန် အောက်တိုဘာ ၂၇**

STI Education သည် “Like no other” ဟူသော ဆောင်ပုဒ်နှင့် အညီ ယနေ့ ကမ္ဘာ့စီးပွားရေးနယ်ပယ်တွင် သက်ဝင်လှုပ်ရှား ထင်ရှားလာသော ဘာသာရပ်များဖြစ်သည့် Diploma in Logistics Management နှင့် Diploma in Supply Chain Management ဘာသာရပ်တို့ကို ၂၀၀၇ ခုနှစ်တွင် မြန်မာပြည်၏ ပထမဆုံးနှင့် တစ်ခုတည်းသော သင်တန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။ Diploma in Logistics Supply Chain Management သည် စီးပွားရေးလုပ်ငန်းတစ်ခုလုံး၏ စီမံရေးရာ၊ ဝယ်ယူရေး၊ ပို့ဆောင်ရေး၊ ကုန်ချောထုတ်လုပ်ရေး၊ ဖြန့်ဖြူးရေး၊ သိုလှောင်ရေး၊ သတင်း၊ ငွေကြေးနှင့် ကုန်စည် စီးဆင်းမှုများအတွက် လိုအပ်သည့် Products & Services ကို ထိထိမိမိ လျင်မြန်လွယ်ကူစွာ ပြုလုပ်ပေးသည့် အတတ်ပညာရပ်ဖြစ်သည်။

၂၀၁၂ တွင် အာရှသို့ Logistics Outsourcing လုပ်ရန် အလားအလာ US$ 80 Billion ခန့်ရှိသည်။ မြန်မာနိုင်ငံသို့ ၎င်း Outsourcing အခွင့်အလမ်းပေါင်းများစွာ ဖန်တီးနိုင်ပုံများကို ဤသင်တန်းမှ စာတွေ့လက်တွေ့ သင်ကြားပြသပေးရန် လက်တွေ့ Industry Visits များအပြင် Careers & Education Pathway in Logistics and Supply Chain Management ပညာရပ်များကိုလည်း ထည့်သွင်းပို့ချသွားမည်ဖြစ်သည်။

ယခုအခါ Advanced Diploma in Logistics Management (I,II) ကို ၂၀၁၀ခုနှစ် နိုဝင်ဘာ ဒုတိယပတ်၌ ထပ်မံဖွင့်လှစ်မည် ဖြစ်သည်။ ယင်းအဆင့်မြင့်ဒီပလိုမာသင်တန်း (၁)တွင် Logistics Design and Implementation, Manufacturing Planning and Control, International Trade Management & Operation, Purchasing and Supply Management ဘာသာရပ်များကို လည်းကောင်း၊ အဆင့်မြင့် ဒီပလိုမာသင်တန်း (၂) တွင် Account & Financial Management in Logistics Firms, Warehouse & Inventory Management, Quantitative Analysis Methods, Quality Management ဘာသာရပ်များကိုလည်းကောင်း ပို့ချသွားမည်ဖြစ်သည်။ STI မှ Advanced Diploma အောင်မြင်ပြီးသူများမှာ Singapore Institute of Materials Management (SIMM)၏နောက်ဆုံးနှစ်သို့ တိုက်ရိုက်တက်ရောက်နိုင်ပြီး ဩစတြေးလျနိုင်ငံ Curtin တက္ကသိုလ်၏ B.Com ဘွဲ့ ရရှိမည်ဖြစ်သည်။

သင်တန်းပြီးဆုံးပါက STI Education နှင့် Queensfield International Business School တို့မှ အောင်လက်မှတ်များ ချီးမြှင့်မည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများအနေဖြင့် STI Education အမှတ် (၃၇၇)၊ ရွှေဘုံသာလမ်း (အထက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်နှင့် Block-4, Room-7, Myanmar Info-Tech, Hlaing Campus, Hlaing Township, Yangon Tel 250056 , 700273, 507048, 507151, 507152 တို့သို့ ဆက်သွယ်စုံစမ်း၍ သင်တန်းတက်ရောက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

## ရေကြောင်းသတိပေးချက် ထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၂၇**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Essar E & P South East Asia Limited သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-2 တွင် Seabed Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် MV Sea Symphony ဖြင့် ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၇ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

Seabed Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် တည်နေရာဧရိယာများမှာ တွင်းအမှတ် Northpros 4 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၅၂ မိနစ် ၁၉ ဒသမ ၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၈ မိနစ် ၄၁ ဒသမ ၁စက္ကန့်၊ တွင်းအမှတ် North-A 2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၉ မိနစ် ၁၄ ဒသမ ၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၂ မိနစ် ၂၃ ဒသမ ၆ စက္ကန့်နှင့် တွင်းအမှတ် South-A 2 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၄ မိနစ် ၄၈ ဒသမ ၉ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၄ မိနစ် ၁၅ ဒသမ ၃ စက္ကန့်တို့တွင်ဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-2 တွင် Seabed Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေးရေယာဉ် MV Sea Symphony ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများနှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါလုပ်ငန်းခွင် ဧရိယာမှ (၄)ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းနှင့် ငါးဖမ်းကိရိယာ၏ အထောက်အကူပြုပစ္စည်းများ သွယ်တန်းစိုက်ထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားသည်။

(သတင်းစဉ်)

**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟသ္တတမြို့ ဦးပါရဲဘုရားအနီး ဧရာဝတီမြစ်ကမ်းတာပေါင်ရှိ ရှင်းလင်းဆောင်မှ ဧရာဝတီမြစ်ကမ်းပါး ရေတိုက်စားခြင်းမှ ကာကွယ်ရန် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

❐ **ရွှေဖုံးမှ**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့ - အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့မှ ရဟတ်ယာဉ်များဖြင့်ထွက်ခွာခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး ဟသ္တတခရိုင် ကြံခင်းမြို့သို့ ရောက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဟန်ညွန့်၊ မြန်မာ့ ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ထုတ်လုပ်မှုစွမ်းအား**

ထို့နောက် နိုင်ငံတော် အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ကြံခင်းဘိလပ်မြေစက်ရုံသို့ရောက်ရှိကြရာ စက်ရုံဧည့်ခန်းမ၌ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးရီက ကြံခင်းဘိလပ်မြေစက်ရုံ၏ တည်နေရာနှင့် အကျယ်အဝန်း၊ နောက်ခံသမိုင်းအကျဉ်း၊ ထုတ်လုပ်မှုစွမ်းအားနှင့် စံချိန်စံညွှန်း၊ ၂၀၀၄-၂၀၀၅မှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်များနှင့် ၂၀၁၀-၂၀၁၁ခုနှစ် အောက်တိုဘာအထိ ကုန်ထုတ်လုပ်နိုင်မှု၊ ဖြန့်ဖြူးရောင်းချမှု၊ စက်ရုံ၏ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုး၊ ကုန်ကြမ်းလိုအပ်ချက်နှင့် ရရှိမှု၊ လိုအပ်သည့် သွင်းအားစုများရရှိမှု အခြေအနေ၊ နိုင်ငံတော်၏ လက်ရှိဘိလပ်မြေလိုအပ်ချက် အခြေအနေ၊ လက်ရှိဘိလပ်မြေစက်ရုံ ၁၄ ရုံ၏ထုတ်လုပ်နိုင်မှုနှင့် လိုအပ်သည့်ဘိလပ်မြေ ပြည့်မီစွာရရှိရေးအတွက် ဘိလပ်မြေစက်ရုံသစ် ၂၀ တည်ဆောက်လျက်ရှိမှု အခြေအနေများကို ပုံစံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော် အကြီးအကဲက သိရှိလိုသည်များကို မေးမြန်းပြီးနောက် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် အဓိကကျသည့် ဘိလပ်မြေထုတ်လုပ်မှုကို စက်ရုံ၏ စက်စွမ်းအားပြည့် လည်ပတ်နိုင်ရေးနှင့် စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့ဝင်များသည် ကြံခင်းဘူတာရုံသို့ ရောက်ရှိကြရာ ရုံပိုင် ဦးစိန်ဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော် အကြီးအကဲအား ကြံခင်းဘူတာ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း ရထားလမ်းသစ်များဖောက်လုပ်မှုနှင့် ရထားပြေးဆွဲမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော် အကြီးအကဲက ကြံခင်း - ပခုက္ကူ ရထားလမ်းစီမံကိန်း မိုင် ၃၂၀ တွင် မင်းဘူး-ပွင့်ဖြူ မိုင် ၂၀၊ ပွင့်ဖြူ - ဆင်ဖြူကျွန်း မိုင် ၂၀နှင့် ကျွန်းချောင်း - ယောချောင်း မိုင် ၂၀ စုစုပေါင်း မိုင် ၆၀ ခရီးသာ ကျန်ရှိတော့ကြောင်း။

**ပြည်သူများအတွက် အကျိုးရှိစေမည်**

အဆိုပါကျန်ရှိသည့် ရထားလမ်းပိုင်းကို အမြန်ပြီးစီးအောင် ဖောက်လုပ်ပေးရန်လိုကြောင်း၊ ယင်းရထားလမ်းပြီးစီးသွားပါက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မှ ဆန်၊ သားငါး ထွက်ကုန်ပစ္စည်းများကို စရိတ်နည်းနည်းဖြင့် အညာဒေသများသို့ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်၍ ပြည်သူများအတွက် အကျိုးရှိစေမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ကြံခင်းမြို့မှ မြန်အောင်မြို့သို့ ထွက်ခွာခဲ့ကြပြီး မြန်အောင်မြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် မြန်အောင်မြို့မှ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြပြီး ကြံခင်းမြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ကြံခင်းမြို့မှ ရဟတ်ယာဉ်များဖြင့်ထွက်ခွာခဲ့ကြပြီး မွန်းလွဲ ၁ နာရီတွင် ဟသ္တတမြို့သို့ ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် စန်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ဟသ္တတမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းနှင့် ပွဲရုံတန်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကိုလည်းကောင်း၊ ဟသ္တတမြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဟသ္တတမြို့ ဦးပါရဲဘုရားအနီး ဧရာဝတီမြစ်ကမ်း တာပေါင်ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

**ရှင်းလင်းတင်ပြ**

နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များအား လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးထွေးဦးက ဧရာဝတီမြစ်ကမ်းပါး ရေတိုက်စားခြင်းမှကာကွယ်ရန် Geo Tube တပ်ဆင်ခြင်း၊ ပန်းတာများ ခိုင်ခံ့မှုရှိအောင် ပြုပြင်မှုလုပ်ငန်း အခြေအနေနှင့် ဟသ္တတမြို့ရှောင်လမ်း ဖောက်လုပ်မည့် အခြေအနေ၊ ဟသ္တတမြို့တွင်းလမ်းများနှင့် တာတမံများ ခိုင်ခံ့မှုရှိစေရေးအတွက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဟသ္တတအဝေးပြေးကားရပ်နားစခန်းအသစ် တည်ဆောက်မှုအခြေအနေများကို ဧရာဟသ္တာ ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဇော်ဝင်းရှိန်က ပုံစံငယ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးက ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ဒေသ၏ အခြေအနေများကို မေးမြန်းပြီးနောက် ဟသ္တတဒေသအတွင်း နိုင်ငံတော်က ကားလမ်း၊ ရထားလမ်း၊ ဆေးရုံ၊ စာသင်ကျောင်း၊ တက္ကသိုလ်ကြီးများကို စုံစုံလင်လင် တည်ဆောက်ပေးထားပြီး ဖြစ်ကြောင်း၊ ဟသ္တတမြို့မှာ ယခင်က ကွင်းပိတ်ဒေသတစ်ခုဖြစ်သော်လည်း ယခုအခါ မြန်မာနိုင်ငံတစ်နံတစ်လျားသို့ အချိန်မရွေး

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟသ္တတဘူတာရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

**ဟသ္တတဒေသအတွင်း နိုင်ငံတော်က ကားလမ်း၊ ရထားလမ်း၊ ဆေးရုံ၊ စာသင်ကျောင်း၊ တက္ကသိုလ်ကြီးများကို စုံစုံလင်လင် တည်ဆောက်ပေးထားပြီးဖြစ်။**

**ဟသ္တတမြို့မှာ ယခင်က ကွင်းပိတ်ဒေသတစ်ခုဖြစ်သော်လည်း ယခုအခါ မြန်မာနိုင်ငံ တစ်နံတစ်လျားသို့ အချိန်မရွေး ဆက်သွယ်သွားလာနိုင်သည့် ဒေသတစ်ခုဖြစ်လာပြီ ဖြစ်သကဲ့သို့ ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်။**

**ကြံခင်းဘိလပ်မြေစက်ရုံကို တွေ့ရစဉ်။** (သတင်းစဉ်)

**ဒေသနေ ပြည်သူများကလည်း လက်ရှိ အခြေခံကောင်းများမှတစ်ဆင့် ရှေ့သို့ဆက်တိုက် တိုးတက်သည်ထက် တိုးတက်လာစေရန်အတွက် ဝီရိယစိုက်ထုတ်၍ ကြိုးကြိုးစားစား အလုပ်လုပ်ကြရန်လို။**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟသ်ာတဘူတာ၌ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

**✱ စာမျက်နှာ ၄ မှ**

ဆက်သွယ်သွားလာနိုင်သည့် ဒေသတစ်ခုဖြစ်လာပြီ ဖြစ်သကဲ့သို့ ဒေသနေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ အခြေခံလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီး ဖြစ်ကြောင်း။

ထို့ကြောင့် ဒေသနေပြည်သူများကလည်း လက်ရှိအခြေခံကောင်းများမှတစ်ဆင့် ရှေ့သို့ဆက်တိုက် တိုးတက်သည်ထက် တိုးတက်လာစေရန်အတွက် ဝီရိယစိုက်ထုတ်၍ ကြိုးကြိုးစားစား အလုပ်လုပ်ကြရန် လိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဟသ်ာတဘူတာသို့ ရောက်ရှိကြရာ ရုံပိုင်ဦးစိန်မြင့်နှင့် မြို့မိမြို့ဖများက ကြိုဆိုကြသည်။

ဗိုလ်ချုပ်မှူးကြီးအား ဟသ်ာတဘူတာရုံ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ဟသ်ာတ-ဇလွန်-ခနောင်တိုကို-ညောင်တုန်း လျှာထားရထားလမ်းနှင့် ပုသိမ် (ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန် ရထားလမ်းတို့၏ အကြောင်းအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗိုလ်ချုပ်မှူးကြီးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသည် ဟသ်ာတဘူတာရုံ၌ မြို့မိ မြို့ဖများ၊ ဌာနဆိုင်ရာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေများနှင့် သိရှိလိုသည်များကို မေးမြန်းသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဟသ်ာတမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြပြီး ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင့်လွင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်ရှိ ရန်ကုန်-ပုသိမ် လမ်း မိုင်တိုင် ၄၀ နှင့် ၄၄ ကြားရှိ ဗိုလ်မြတ်ထွန်းတံတားအထက် ပေ ၈၀၀၀ အကွာ၌ တည်ဆောက်သည့် တံတားကြီး တစ်စင်းဖြစ်ပါကြောင်း၊ ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေး စီမံကိန်းသည် ကားလမ်းနှင့် ရထားလမ်း ပါဝင်မည့် တံတားတစ်စင်းဖြစ်ပါကြောင်း။

အဆိုပါ တံတားကြီးကို နိုင်ငံတော် အကြီးအကဲက ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် လာရောက်စစ်ဆေး၍ စီမံကိန်းတည်နေရာကို အတည်ပြုသတ်မှတ်ပေးခဲ့ပြီး ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် RP-19 ၌ ပန္နက်တင်မင်္ဂလာ အခမ်းအနားဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ပါကြောင်းဖြင့် ပဏာမ ရှင်းလင်းတင်ပြပြီးနောက် ပင်မတံတား ရေလယ်တိုင် တည်ဆောက်ပြီးစီးမှု၊ ချဉ်းကပ်တံတားတိုင်များ တည်ဆောက်ရေး တိုးတက်မှုအခြေအနေနှင့် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေး စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ဧရာဝတီတံတား (ညောင်တုန်း) ချဉ်းကပ် ရထားလမ်း တည်ဆောက်ရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြရာတွင် မြန်မာနိုင်ငံတော်အား ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ဘက်စုံ၊ ကဏ္ဍစုံမှ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အနေဖြင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်စေရေးအတွက် အမျိုးသားမီးရထားကွန်ရက် (National Railway Net Work) ဖြစ်ပေါ်လာစေရန် ရထားလမ်းသစ်စီမံကိန်းများ ဖောက်လုပ်လျက်ရှိပါကြောင်း။

ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ၁၃ ခုရှိပြီး စုစုပေါင်း ခရီးမိုင် ၂၂၆၅ မိုင်ရှိပါကြောင်း၊ နောက်ဆုံး ဖွင့်လှစ်သည့် ဆိပ်ဖြူ-ဆင်ဖြူကျွန်း ၂၃ ဒသမ ၀၈ မိုင် အပါအဝင် ၃၇၇ မိုင်ဖွင့်လှစ်ပြီး ရထားများ ပြေးဆွဲလျက်ရှိပါကြောင်း၊ ကျန်ရှိသည့် ရထားလမ်းခရီးမိုင် ၁၈၈၈ မိုင်ကိုလည်း အမြန်ပြီးစီးရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဧရာဝတီတိုင်းဒေသကြီး၌ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းနှစ်ခု ဆောင်ရွက်လျက်ရှိရာ ပုသိမ် (ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း ၈၉ မိုင်နှင့် ဟသ်ာတ-ခနောင်တိုကို-စကြော့(ညောင်တုန်း) ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း ၄၈ မိုင်တို့ဖြစ်ပါကြောင်း။

ဟသ်ာတ - ခနောင်တိုကို - စကြော့ (ညောင်တုန်း) ရထားလမ်းသည် ကြံခင်း-ပခုက္ကူမှတစ်ဆင့် ကလေးအထိ ဆက်သွယ်ဖောက်လုပ်ထားသဖြင့် ဧရာဝတီတံတား(ညောင်တုန်း) ချဉ်းကပ် ရထားလမ်းတည်ဆောက်ရာတွင် ဟသ်ာတ-စကြော့(ညောင်တုန်း) ရထားလမ်းမှ တိုက်ရိုက်သွားလာနိုင်ရန် ဦးစားပေး ဖောက်လုပ်ထားပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား (ညောင်တုန်း)တည်ဆောက်နေမှု အခြေအနေများကို စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှ ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဧရာဝတီတံတား (ညောင်တုန်း)ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူ တည်ဆောက်လျက်ရှိပြီး ရထားလမ်းရော ကားလမ်းပါ ပါရှိမည့် တံတားကြီးဖြစ်သည်။

တံတားအရှည်မှာ စုစုပေါင်း ၇၄၀၂ ပေခန့်ရှိမည်ဖြစ်ပြီး ရေလမ်းကင်းလွတ်အကျယ် ၂၆၂ ပေခန့်နှင့် အမြင့် ၅၇ ပေရှိ၍ တံတားတစ်စင်းလုံးတည်ဆောက်ပြီးစီးမှုမှာ ၄၇ ရာခိုင်နှုန်းရှိပြီဖြစ်သည်။

တံတားတည်ဆောက် ပြီးစီးပါက ရန်ကုန်မြို့၊ ပုသိမ်မြို့ အပါအဝင် ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ မြို့ရွာများသို့ ရထားဖြင့်ရော ကားဖြင့်ပါ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်သည်။

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားက တာဝန်ယူဖောက်လုပ်သည့် ပုသိမ်-ရန်ကုန် ရထားလမ်းသည် ပုသိမ်၊ အိမ်မဲ၊ ပန်းတနော်၊ ညောင်တုန်းနှင့် လှိုင်သာယာမြို့ ငါးမြို့ကို ဖြတ်သန်းဖောက်လုပ်မည်ဖြစ်ပြီး စီမံကိန်းပြီးစီးပါက ပုသိမ်-ဟသ်ာတ-ကြံခင်း-ပခုက္ကူ ရထားလမ်းနှင့် ဆက်စပ်သွားမည်ဖြစ်ရာ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရှိရသည်။

ညောင်တုန်းရထားတံတား၏ နှစ်ဖက်ချဉ်းကပ်ရထားလမ်း တံတားအရှည်မှာ ၁၃၁၇၂ ပေရှိပြီး ကမ်းကပ်ခုံ အမြင့်မှာ ပေ ၃၀ ရှိမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်ကို တွေ့ရစဉ်။** (သတင်းစဉ်)

**တည်ဆောက်ဆဲ ဟသ်ာတ အဝေးပြေး ကားရပ်နားစခန်းနှင့် ပွဲရုံတန်းကို တွေ့ရစဉ်။** (သတင်းစဉ်)

**ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အမှတ်(၃) ဓာတ်အားပေးစက်ရုံမှ လျှပ်စစ်ဓာတ်အား စတင်စမ်းသပ်ထုတ်လွှတ်ပေးစဉ်။**

■ **ကျော့ဖုံးမှ**

အဲဒီဓာတ်အားပေး စက်ရုံတွေထဲမှာ မြန်မာနိုင်ငံတစ်ဝန်း တည်ဆောက်ခဲ့တဲ့ ရေအားလျှပ်စစ် စက်ရုံတွေကို ကြည့်ရင် မန္တလေးတိုင်းဒေသကြီး အတွင်းမှာ ဆည်တော်ကြီး (၂၅ မဂ္ဂါဝပ်)၊ ပေါင်းလောင်း (မဂ္ဂါဝပ် ၂၈၀)နဲ့ ရဲရွာ(မဂ္ဂါဝပ် ၇၉၀) တို့ဖြစ်ပြီး ကယားပြည်နယ်မှာတော့ ဘီလူး ချောင်း အမှတ်(၁) (မဂ္ဂါဝပ် ၂၈၀)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ ဇော်ဂျီ အမှတ်(၁) (၁၈ မဂ္ဂါဝပ်)နဲ့ ဇော်ဂျီ အမှတ်(၂) (၁၂ မဂ္ဂါဝပ်) တို့အပြင် ရွှေလီအမှတ်(၁) (မဂ္ဂါဝပ် ၆၀၀)တို့ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ ကျိုင်းတောင်း(၅၄ မဂ္ဂါဝပ်)နဲ့ တီကျစ် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ (မဂ္ဂါဝပ် ၁၂၀)တို့ ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးမှာ ဇောင်းတူ(မဂ္ဂါဝပ် ၂၀)၊ သဖန်းဆိပ် (မဂ္ဂါဝပ်၃၀)၊ ရဲနွယ်(၂၅ မဂ္ဂါဝပ်)နဲ့ ခပေါင်း(မဂ္ဂါဝပ်၃၀) ဖြစ်တဲ့အပြင် မကွေးတိုင်းဒေသကြီးမှာ မုန်း (၇၅ မဂ္ဂါဝပ်)စတဲ့ ဓာတ်အားပေးစက်ရုံတွေ ထပ်တိုး တည်ဆောက်နိုင်ခဲ့ပါတယ်။

အဲဒီစက်ရုံတွေထဲမှာ ပြီးခဲ့တဲ့ အောက်တိုဘာ ၁၆ ရက်က ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းစက်ရုံရဲ့ စက်အမှတ်(၃)ကို ဖွင့်လှစ်ပေးနိုင်ခဲ့တာဟာ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးနိုင်ဖို့ အရေးပါတဲ့ အောင်မြင်မှုတစ်ရပ်ပါပဲ။ ရဲရွာရေအားလျှပ်စစ် စီမံကိန်းဟာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မန္တလေးမြို့ရဲ့ အရှေ့တောင်ဘက် ၃၀ မိုင် အကွာ ရဲ-ယမန်းရွာအနီးမှာ တည်ရှိပါတယ်။ တမံအမျိုးအစားကတော့ ကွန်ကရစ်တမံ အမျိုးအစားဖြစ်ပြီး မြန်မာနိုင်ငံမှာ ပထမဆုံးတည်ဆောက်ခဲ့တဲ့ တမံအမျိုးအစားလည်း ဖြစ်ပါတယ်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို ၂၀၀၁-၂၀၀၂ခုနှစ်မှာ စတင်တည်ဆောက်ခဲ့တာဖြစ်ပြီး အဆောက်အအုံနဲ့ စက်ဒီဇိုင်းပုံစံတစ်ခုရရင် တစ်ခုတည်ဆောက်ခဲ့တာမို့ ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၂၄ရက်မှာ စက်အမှတ်(၁)က ဓာတ်အား စတင်ဖြန့်ဖြူးနိုင်ခဲ့ပါတယ်။ စက်အမှတ်(၂)ကို ၂၀၁၀ခုနှစ် ဇူလိုင် ၈ ရက်မှာ စတင်စမ်းသပ် မောင်းနှင်ပြီး ဇူလိုင် ၁၄ ရက်မှာ ဓာတ်အား စတင်ထုတ်လုပ်ဖြန့်ဖြူးနိုင်ခဲ့သလို စက်အမှတ် (၃)ကိုလည်း ၂၀၁၀ခုနှစ် အောက်တိုဘာ ၁၆ရက်မှာ စတင် စမ်းသပ်မောင်းနှင်လည်ပတ်နိုင်ခဲ့ပြီး ဓာတ်အားပို့လွှတ်ဖြန့်ဖြူးတော့မှာ ဖြစ်ပါတယ်။ စက်တစ်လုံးရဲ့ စက်တပ်ဆင်အားဟာ ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ဖြစ်လို့ စက်လေးလုံး အကုန်မောင်းနှင်နိုင်ခဲ့ရင်တော့ ရဲရွာရေအားလျှပ်စစ်စီမံကိန်းရဲ့ တစ်နေ့ ပျမ်းမျှထုတ်လုပ်နိုင်မယ့် ဓာတ်အားဟာ ကီလိုဝပ်နာရီ သန်းပေါင်း၃၅၅၀ဖြစ်ပါတယ်။ စက်လေးလုံးရဲ့ စုစုပေါင်း တပ်ဆင်အားကတော့ (မဂ္ဂါဝပ်၇၉၀) ဖြစ်ပါတယ်။

နိုင်ငံတစ်ဝန်းမှာ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်တဲ့ လျှပ်စစ်ဓာတ်အားပေး စက်ရုံတွေကတော့ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ အထက်ပေါင်းလောင်း (မဂ္ဂါဝပ် ၁၄၀)၊ နန်ချို(မဂ္ဂါဝပ် ၄၀)၊ ရဲရွာ (မဂ္ဂါဝပ် ၇၉၀)၊ အထက်ဆည်တော်ကြီး (၆၄မဂ္ဂါဝပ်)၊ မကွေးတိုင်းဒေသကြီးမှာ အထက်ဗူး(မဂ္ဂါဝပ်၁၅၀)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ အထက်ရဲရွာ(မဂ္ဂါဝပ်၂၈၀)၊ တာဆန်း (မဂ္ဂါဝပ် ၇၁၁၀)၊ ရွှေလီ(၃) (မဂ္ဂါဝပ် ၁၀၅၀)၊ အထက်ဘီလူးချောင်း(၂၉ မဂ္ဂါဝပ်)၊ အထက်သံလွင်(ကွမ်းလုံ) (မဂ္ဂါဝပ်၁၄၀၀)၊ နောက်ဖ (မဂ္ဂါဝပ် ၁၀၀၀)၊ မာန်တောင်း(မဂ္ဂါဝပ် ၂၀၀)၊ ရွှေလီ(၂) (မဂ္ဂါဝပ်၅၂၀)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ နမ့်လွေဓာတ်အားစက်ရုံစီမံကိန်း ခြောက်ခုဖြစ်တဲ့ ကျိုင်းတုံ(၉၆မဂ္ဂါဝပ်)၊ ဝမ်တာပင်း (၂၅မဂ္ဂါဝပ်)၊ ဆိုလူး(၁၆၅မဂ္ဂါဝပ်)၊ မိုင်းပ(မဂ္ဂါဝပ်၅၀)၊ ကျိုင်းရမ်း(၂၈ မဂ္ဂါဝပ်)၊ ဟီကူး(၈၈ မဂ္ဂါဝပ်)၊ နမ်ခ (မဂ္ဂါဝပ် ၂၀၀)၊ ပဲခူးတိုင်းဒေသကြီးမှာ ကွန်းချောင်း (မဂ္ဂါဝပ်၆၀)၊ ဖြူးချောင်း(မဂ္ဂါဝပ်၄၀)၊ သောက်ရေခပ် (၂)(မဂ္ဂါဝပ်၁၂၀)၊ ရွှေကျင်(၇၅ မဂ္ဂါဝပ်)၊ ဘောဂတ (၁၆၈ မဂ္ဂါဝပ်)၊ ကရင်ပြည်နယ်မှာ ဟတ်ကြီး (မဂ္ဂါဝပ် ၁၃၆၀)၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ထမံသီ (မဂ္ဂါဝပ်၁၂၀၀)၊ မဏိပူ (မဂ္ဂါဝပ် ၃၈၀)၊ ရွှေစာရေး(မဂ္ဂါဝပ် ၆၆၀)၊ မော်လိုက်(မဂ္ဂါဝပ်၅၂၀)နဲ့ ကလေးဝ ကျောက်မီးသွေးဓာတ်အားစက်ရုံ (မဂ္ဂါဝပ်၆၀၀)၊ ရန်ကုန်တိုင်းဒေသကြီးမှာ ရန်ကုန်ကျောက်မီးသွေးဓာတ်အားပေးစက်ရုံ (မဂ္ဂါဝပ် ၂၇၀)၊ ကချင်ပြည်နယ်မှာ တာပိန်(၁) (မဂ္ဂါဝပ် ၂၄၀)၊ မြစ်ဆုံ (မဂ္ဂါဝပ်၆၀၀၀)၊ ယီနန် (မဂ္ဂါဝပ် ၁၂၀၀)၊ ခေါင်လံဖူး (မဂ္ဂါဝပ်၂၇၀၀)၊ ဖီဇော (မဂ္ဂါဝပ် ၂၀၀၀)၊ ဝူစောက် (မဂ္ဂါဝပ်၁၈၀၀)နဲ့ နော်ချမ်းခစီမံကိန်းငါးခုဖြစ်တဲ့ ကူလန့် (မဂ္ဂါဝပ်၁၀၀)၊ ဝူကျုံးကျယ် (မဂ္ဂါဝပ်၆၀)၊ ခန်ကန်း(မဂ္ဂါဝပ် ၁၄၀)၊ ထုံရှင်းချောင်း (မဂ္ဂါဝပ် ၃၂၀)၊ လောင်းဒင် (၄၃၅ မဂ္ဂါဝပ်)၊ ရခိုင်ပြည်နယ်မှာ သူ့ဌေး (၁၁၁ မဂ္ဂါဝပ်)၊ အမ်းချောင်း (၁၀ မဂ္ဂါဝပ်)၊ စိုင်းဒင် (၇၆ ဒသမ ၅ မဂ္ဂါဝပ်)နဲ့ လေးမြို့ (မဂ္ဂါဝပ်၅၀၀)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှာ အထက်ကျိုင်းတောင်း(၅၁မဂ္ဂါဝပ်)၊ ကယားပြည်နယ်မှာ ဘီလူးချောင်း(၃)(၅၂မဂ္ဂါဝပ်)၊ ရွာသစ် (မဂ္ဂါဝပ်၆၀၀)၊ နမ့်ပွန် (မဂ္ဂါဝပ်၁၃၀)နဲ့ နမ့်တဘက် (မဂ္ဂါဝပ်၁၁၀)၊ တနင်္သာရီတိုင်းဒေသကြီးမှာ သကျက်(မဂ္ဂါဝပ်၂၀)၊ ကော့သောင်း ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ(၆ မဂ္ဂါဝပ်)၊ အညာဖျား (၉ မဂ္ဂါဝပ်)နဲ့ တနင်္သာရီ (မဂ္ဂါဝပ် ၆၀၀) တို့ ဖြစ်ပါတယ်။

အဲဒီလို ဓာတ်အားပေးစက်ရုံတွေ တည်ဆောက်ပေးနေသလို ရရှိလာတဲ့ ဓာတ်အားတွေကို စနစ်တကျ ဖြန့်ဖြူးပေးနိုင်ဖို့အတွက် မဟာဓာတ်အားလိုင်းတွေ၊ ပင်မဓာတ်အားခွဲစက်ရုံကြီးတွေကိုလည်း တည်ဆောက်ပေးလျက်ရှိပါတယ်။

ဒီလို မဟာဓာတ်အားလိုင်းတွေကို စီစဉ်ဆောင်ရွက်တဲ့အခါ ရှိပြီးသား ဓာတ်အားလိုင်းတွေအပြင် မဟာဓာတ်အားလိုင်းစီမံကိန်းဖြစ်တဲ့ ပန်လုံ-နမ့်ဆန်(၆၆)ကေဗွီ ဓာတ်အားလိုင်း ၁၈ မိုင် စီမံကိန်းနဲ့ ပင်မဓာတ်အားခွဲရုံစီမံကိန်းဖြစ်တဲ့ နမ့်ဆန်(၆၆/၁၁) ကေဗွီ၊ (၅)အမ်ဗွီအေဓာတ်အားခွဲရုံ စီမံကိန်းတွေကို အကောင်အထည်ဖော် တည်ဆောက်ပြီး ဖြစ်ပါတယ်။

နေရာဒေသအနှံ့ ပြည်သူတွေထံ ဓာတ်အားတွေ ဖြန့်ဖြူးပေးနိုင်ဖို့ အတွက် ဆောင်ရွက်နေဆဲဖြစ်တဲ့ မဟာဓာတ်အားလိုင်း စီမံကိန်းတွေကတော့ ကျောက်ပုထိုး-ရွှေကူ-ဗန်းမော် (၆၆)ကေဗွီ ဓာတ်အားလိုင်းမှ နဘား ဓာတ်အားခွဲရုံသို့ အဝင်၊ အထွက် ဓာတ်အားလိုင်း သုံးမိုင်စီမံကိန်းနဲ့ လက်ရှိ ကျွန်းချောင်း ပခုက္ကူ (၆၆) ကေဗွီဓာတ်အားလိုင်း (၉ ဒသမ ၅)

**စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧**

**သာယာကုန်း ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံရှိ Switch Yards ကို တွေ့ရစဉ်။**

## ၁၉၈၈ခုနှစ် နောက်ပိုင်း နိုင်ငံတစ်ဝန်း

## ဖွံ့ဖြိုးတိုးတက်လာသော လျှပ်စစ်စွမ်းအားကဏ္ဍ

| စဉ် | စက်ရုံများ | အရေအတွက် | စက်တပ်ဆင်အား (မဂ္ဂါဝပ်) | တစ်နှစ်ထုတ်လုပ်နိုင်မည့် ကီလိုဝပ်နာရီသန်းပေါင်း |
|---|---|---|---|---|
| ၁ | လက်ရှိဓာတ်အားပေးစက်ရုံများ | ၃၁ | ၂၄၅၃. ၄ | ၁၅၀၃၇. ၅ |
| ၂ | တည်ဆောက်ဆဲစီမံကိန်းများမှ ဖြစ်ပေါ်လာမည့်ဓာတ်အားပေးစက်ရုံများ | ၆၁ | ၄၁၁၁၃. ၅ | ၂၀၈၇၅၃. ၃၃ |
| ၃ | ဆက်လက်တည်ဆောက်မည့်စီမံကိန်းများမှ ဖြစ်ပေါ်လာမည့် ဓာတ်အားပေးစက်ရုံများ | ၂ | ၃၀၅. ၀၀ | ၁၅၉၉ |
| | **စုစုပေါင်း** | **၉၄** | **၄၃၈၇၁. ၉၀** | **၂၂၅၃၈၉. ၈၃** |

## အနီးစပ်ဆုံးနှင့် အမြန်ဆုံးပြီးစီးသွားနိုင်မည့် စီမံကိန်းများ

| စဉ် | စီမံကိန်းအမည် | စက်တပ်ဆင်အား (မဂ္ဂါဝပ်) | ပြီးစီးမည့်ခုနှစ် |
|---|---|---|---|
| ၁ | ရဲရွာစီမံကိန်း | ၇၉၀ | ၂၀၁၀ |
| ၂ | ရွှေကျင်စီမံကိန်း | ၇၅ | ၂၀၁၀ |
| ၃ | ချီဖွေငယ်စီမံကိန်း | ၉၉ | ၂၀၁၁ |
| ၄ | ကွန်းချောင်းစီမံကိန်း | ၆၀ | ၂၀၁၁ |
| ၅ | ဖြူးချောင်းစီမံကိန်း | ၄၀ | ၂၀၁၁ |
| ၆ | နန်ချိုစီမံကိန်း | ၄၀ | ၂၀၁၁ |
| ၇ | တာပိန်(၁)စီမံကိန်း | ၂၄၀ | ၂၀၁၁ |
| ၈ | အထက်ပေါင်းလောင်းစီမံကိန်း | ၁၄၀ | ၂၀၁၂ |
| ၉ | သောက်ရေခပ်(၂)စီမံကိန်း | ၁၂၀ | ၂၀၁၂ |
| ၁၀ | ဘီလူးချောင်း(၃)စီမံကိန်း | ၅၂ | ၂၀၁၂ |
| | **စုစုပေါင်း** | **၁၆၅၆** | |

✧ စာမျက်နှာ ၆ မှ

မိုင် စီမံကိန်း၊ ပင်မဓာတ်အားခွဲရုံ စီမံကိန်းနှစ်ခုဖြစ်တဲ့ နဘား (၆၆/ ၃၃/၁၁) ကေဗွီ၊ (၁၀)အမ်ဗွီအေ ဓာတ်အားခွဲရုံနဲ့ ကမ္မဓာတ်အားပေး စက်ရုံမှာ (၆၆/၁၁)ကေဗွီ၊ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံတို့ပဲ ဖြစ်ပါတယ်။

တစ်နိုင်ငံလုံး အတိုင်းအတာကို ကွန်ရက်သဖွယ် ဓာတ်အားလိုင်းတွေ သွယ်တန်းဖို့ လိုအပ်နေတာမို့ အဲဒီ လိုအပ်ချက်ကို ဖြည့်ဆည်းပေးတဲ့ အနေနဲ့ ဆက်လက်ဆောင်ရွက်ရမယ့် စီမံကိန်းအသစ် ၁၁ ခု ရှိပါတယ်။ အဲဒီမှာ မဟာဓာတ်အားလိုင်း စီမံကိန်းငါးခုဖြစ်တဲ့ လှိုင်သာယာ-အလုံ (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း ၁၅မိုင်၊ လှိုင်မြစ်ကျော် (အလုံ) ၂၃၀ ကေဗွီမဟာ ဓာတ်အားလိုင်း သုည ဒသမ ၉မိုင်၊ သထုံ-မော်လမြိုင် မဟာ ဓာတ်အားလိုင်း မိုင် ၆၀၊ နဘား - မိုးညှင်း (၆၆) ကေဗွီ ဓာတ်အား လိုင်း ၅၅မိုင်တို့ ဖြစ်ပါတယ်။ ပင်မ ဓာတ်အားခွဲရုံ စီမံကိန်း ခြောက်ခု ဖြစ်တဲ့ လှိုင်သာယာ ပင်မဓာတ်အား ခွဲရုံမှာ Substation Bay Extension တစ်ခု တိုးချဲ့တည်ဆောက်ခြင်း အလုံ (၂၃၀/၃၃) ကေဗွီ၊ (၂× ၁၀၀) အမ်ဗွီအေ ပင်မဓာတ်အားခွဲ ရုံ၊ သထုံဓာတ်အားပေးစက်ရုံမှာ (၂၃၀) ကေဗွီ Switch Bay တစ်ခု တိုးချဲ့ တည်ဆောက်ခြင်း၊ မော်လ မြိုင်မြို့မှာ (၂၃၀/၆၆/၁၁)ကေဗွီ၊ (၅)အမ်ဗွီအေ ဓာတ်အားပေးခွဲရုံတို့ ဖြစ်ပါတယ်။

ပြည်တွင်းမှာ စက်မှုဇုန်အသစ် တိုးချဲ့ ထူထောင်ပေးခဲ့မှုနဲ့ နေအိမ် တိုက်တာတွေ အထပ်မြင့် တည် ဆောက် တိုးပွားများပြားလာမှုတွေ ကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပိုမိုများပြားလာတာမို့ ဓာတ်အားရရှိ နိုင်မယ့် နေရာမျိုးစုံကနေပြီး ရှာဖွေ လေ့လာမှုတွေကိုလည်း ပြုလုပ်နေပါ တယ်။ မကြာမီက ရန်ကုန်မြို့နေ ပြည်သူတွေ လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝရရှိစေဖို့အတွက် မုတ္တမ ကမ်းလွန် ရတနာသဘာဝဓာတ်ငွေ့ မြေမှ ရတနာ-ရန်ကုန် ၂၄ လက်မ ပြည်တွင်းသုံး ကမ်းလွန်ပိုက်လိုင်းကို ၁၇၉ ဒသမ ၆၄မိုင် အရှည်အထိ ဒေါ်လာသန်း ၂၇၀ အကုန်အကျခံ ကာ သွယ်တန်းပေးခဲ့ပါတယ်။ အဲဒီ သဘာဝဓာတ်ငွေ့တွေကို အင်းစိန် (ရွာမ) စခန်းကနေပြီး တိုးမြှင့်ဖြန့် ဖြူး ပေးနိုင်ခဲ့လို့ ရန်ကုန်မြို့နေ ပြည်သူတွေရဲ့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို အတိုင်းအတာတစ်ခု အထိ ဖြည့်ဆည်းပေးနိုင်ခဲ့ပြီ ဖြစ်ပါ တယ်။

၁၉၈၈ခုနှစ် မတိုင်မီက တစ်နိုင်ငံ လုံးမှာ လျှပ်စစ်ဓာတ် တပ်ဆင်အား ၅၂၉ ဒသမ ၅ မဂ္ဂါဝပ်သာရှိခဲ့ရာ ကနေပြီး အခုဆိုရင် ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံ ၁၅ရုံ၊ ကျောက် မီးသွေးဓာတ်အားပေးစက်ရုံ တစ်ရုံနဲ့ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေး စက်ရုံ ၁၅ရုံ ရှိလာပြီး စုစုပေါင်း လျှပ်စစ် စက်တပ်ဆင်အား ၂၈၄၈ ဒသမ ၄ မဂ္ဂါဝပ်အထိ ထုတ်လွှတ် ဖြန့်ဖြူး သုံးစွဲနိုင်နေကြပြီဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်မှုတွေဟာ ပြည်သူ တွေ အကျိုးစီးပွားအတွက်ပဲဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပဲ ဖြစ်ပါတယ်။

ပြည်သူတစ်ရပ်လုံး လူနေမှုအဆင့် အတန်းမြင့်မားအောင် လျှပ်စစ်ဓာတ် အားစက်ရုံတွေ တည်ဆောက်ပေး ထားမှု၊ တည်ဆောက်ဆဲနဲ့ အနာဂတ် မှာ ဆက်လက်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကိုလည်း အစီအစဉ်ရှိရှိ နဲ့ နေရာအနှံ့ဆောင်ရွက်နေတာမို့ နိုင်ငံတော်ရဲ့ စေတနာအရင်းခံ အကောင်အထည် ဖော်မှုတွေဟာ လက်ရှိနဲ့ အနာဂတ် နိုင်ငံတော် အတွက် မှန်ကန်မွန်မြတ်တဲ့ လုပ်ရပ် တွေအဖြစ် ဖော်ညွှန်းပြသနေပါ ကြောင်း။ ။



ရွှေလီ-မန်စံ-ရွှေစာရံ ၂၃၀ကေဗွီ ဓာတ်အားလိုင်း ကြိုးဆွဲလုပ်ငန်း ဆောင်ရွက်နေစဉ်။

ရန်ကုန်တိုင်းဒေသကြီးရှိ အလုံ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံကို တွေ့ရစဉ်။

## ဆက်လက်တည်ဆောက်လျက်ရှိသည့် စီမံကိန်းများ

| စဉ် | စီမံကိန်းအမည် | တည်နေရာ ပြည်နယ်/တိုင်းဒေသကြီး | တပ်ဆင်စက် အင်အား(မဂ္ဂါဝပ်) |
|---|---|---|---|
| ၁ | မြစ်ဆုံ | ကချင် | ၆၀၀၀ |
| ၂ | ယီနန် | ကချင် | ၁၂၀၀ |
| ၃ | ခေါင်လံဖူး | ကချင် | ၂၇၀၀ |
| ၄ | ဖီဇော | ကချင် | ၂၀၀၀ |
| ၅ | ဝူဆောက် | ကချင် | ၁၈၀၀ |
| ၆ | ချီဖွေ | ကချင် | ၂၈၀၀ |
| ၇ | ချီဖွေငယ် | ကချင် | ၉၉ |
| ၈ | လိုက်ဇာ | ကချင် | ၁၉၀၀ |
| ၉ | တာပိန်(၁) | ကချင် | ၂၄၀ |
| ၁၀ | တာပိန်(၂) | ကချင် | ၁၆၈ |
| ၁၁ | တာခ | ကချင် | ၆ |
| ၁၂ | နော်ချမ်းခ (စီမံကိန်း-၅ခု) | ကချင် | ၁၀၅၅ |
| ၁၃ | ဘီလူးချောင်း(၃) | ကယား | ၅၂ |
| ၁၄ | ရွာသစ် | ကယား | ၆၀၀ |
| ၁၅ | နမ့်ပွန် (စီမံကိန်း-၅ခု) | ကယား | ၁၃၀ |
| ၁၆ | နမ့်တဘက် | ကယား | ၁၁၀ |
| ၁၇ | ဟတ်ကြီး | ကရင် | ၁၃၆၀ |
| ၁၈ | စိုင်းဒင် | ရခိုင် | ၇၆.၅ |
| ၁၉ | လေးမြို့ | ရခိုင် | ၅၀၀ |
| ၂၀ | အမ်းချောင်း | ရခိုင် | ၁၀ |
| ၂၁ | သူဋ္ဌေး | ရခိုင် | ၁၁၁ |
| ၂၂ | တာဆန်း | ရှမ်း | ၇၁၁၀ |
| ၂၃ | ရွှေလီ(၂) | ရှမ်း | ၅၂၀ |
| ၂၄ | ရွှေလီ(၃) | ရှမ်း | ၁၀၅၀ |
| ၂၅ | အထက်သံလွင် | ရှမ်း | ၁၄၀၀ |
| ၂၆ | အထက်ရဲရွာ | ရှမ်း | ၂၈၀ |
| ၂၇ | အထက်ဘီလူးချောင်း | ရှမ်း | ၂၉ |
| ၂၈ | အထက်ကျိုင်းတောင်း | ရှမ်း | ၅၁ |
| ၂၉ | နောင်ဖ/မန်တောင်း (စီမံကိန်း-၂ခု) | ရှမ်း | ၁၂၀၀ |
| ၃၀ | နမ့်လွေ (စီမံကိန်း-၅ခု) | ရှမ်း | ၄၅၂ |
| ၃၁ | နမ့်ခ | ရှမ်း | ၂၀၀ |
| ၃၂ | ရွှေစာရေး | စစ်ကိုင်း | ၆၆၀ |
| ၃၃ | မော်လိုက် | စစ်ကိုင်း | ၅၂၀ |
| ၃၄ | ထမံသိ | စစ်ကိုင်း | ၁၂၀၀ |
| ၃၅ | မဏိပူ | စစ်ကိုင်း | ၃၈၀ |
| ၃၆ | တနင်္သာရီ | တနင်္သာရီ | ၆၀၀ |
| ၃၇ | သကျက် | တနင်္သာရီ | ၂၀ |
| ၃၈ | အညာဖျား | တနင်္သာရီ | ၉ |
| ၃၉ | ဘောဂတ | ပဲခူး | ၁၆၈ |
| ၄၀ | ကွန်းချောင်း | ပဲခူး | ၆၀ |
| ၄၁ | ဖြူးချောင်း | ပဲခူး | ၄၀ |
| ၄၂ | သောက်ရေခပ်(၂) | ပဲခူး | ၁၂၀ |
| ၄၃ | ရွှေကျင် | ပဲခူး | ၇၅ |
| ၄၄ | အထက်ပေါင်းလောင်း | မန္တလေး | ၁၄၀ |
| ၄၅ | နန်ချို | မန္တလေး | ၄၀ |
| ၄၆ | ရဲရွာ | မန္တလေး | ၇၉၀ |
| ၄၇ | အထက်ဆည်တော်ကြီး | မန္တလေး | ၆၄ |
| ၄၈ | အထက်ဗူး | မကွေး | ၁၅၀ |

တိုင်းရင်းသားများ စုပေါင်းနေထိုင်ရာ ရှမ်းပြည်နယ်အတွင်း ကျိုင်းတောင်းရေအားလျှပ်စစ်စက်ရုံကို ၂၀၀၉ ခုနှစ် မတ်လအတွင်းက ဖွင့်လှစ်ပေးခဲ့သည်။

# သူတို့အတွက် အရေးအကြီး

ရှစ်လေးလုံးအပြီးမှာ တပ်မတော်က နိုင်ငံတော်အာဏာကို ရယူခဲ့ပြီးနောက် မြန်မာ့နိုင်ငံရေးတွင် လူတန်းစားအသစ်တစ်ခု ပေါ်ထွက်လာသည်။ ဒါကတော့ အစိုးရက ပြည်ပြေးဟုခေါ်သော၊ သူတို့ကိုယ်သူတို့ မြန်မာ့နိုင်ငံဒီမိုကရေစီအရေး လှုပ်ရှားသူများဟု ကင်ပွန်းတပ်ထားသော အုပ်စုတွေဖြစ်သည်။

**တကယ်တော့ ဒီလိုလူတွေအရင်က ပြည်ပြေးဆိုတာရှိခဲ့ပြီး ဖြစ်သည်။ ဦးနုခေါင်းဆောင်သည့် ပါလီမန်ဒီမိုကရေစီပါတီကား မူလပထမ ပြည်ပြေးလက်ဟောင်းများဖြစ်သည်။ ဦးနုတို့ ပြည်ပြေး လုပ်ခဲ့သည့်အချိန်က ၁၉၇၀ ကနေ ၁၉၈၀ အထိဖြစ်သည်။ စစ်အေး တိုက်ပွဲကာလ၊ အမေရိကန်နှင့် ဆိုဗီယက်တို့ အားပြိုင်နေသည့်ကာလ ဖြစ်သည်။ ထို့ကြောင့် အမေရိကန်က ဦးနုတို့ကို ကူညီသလို တစ်ဖက် ကလည်း ကြားနေနိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ ဆိုဗီယက်ဘက် ပါမသွားအောင် တော်လှန်ရေးကောင်စီအစိုးရ၊ နောင် လမ်းစဉ်ပါတီ အစိုးရကို ကူညီနေရသည်။ ဒါ့ကြောင့် ဦးနုတို့ကို စီအိုင်အေက တစ်ဆင့် မယားငယ်ပေးပေးပြီး ကူညီရသည်။ သိပ်ပြီးလူရာမဝင်ခဲ့။**

၈၈ ပြည်ပြေးများကတော့ ထိုကဲ့သို့ မဟုတ်။ ဆိုဗီယက်ပြိုကွဲပြီး ဒီမိုကရေစီရေလှိုင်းတွေ အားကောင်းနေသည့်အချိန်နှင့် သွားတိုးသည်။ ၉၀ ပြည့်လွန်နှစ်များကစပြီး ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ လူ့အခွင့်အရေး၊ INGO Civil Society ဆိုတာတွေ ခေတ်စားလာသည်။ ကွန်မြူနစ်ရန်ကိုကြောက်သဖြင့် တတိယကမ္ဘာ နိုင်ငံတွေကို ချော့ပေါင်း၊ မြှောက်ပေါင်းလုပ်ရသည့် ခေတ်မဟုတ်တော့။ ဟိုတုန်းက အနောက်အုပ်စုသည် သူ့နိုင်ငံခြားရေးမူဝါဒတွေကို ကွန်မြူနစ်ဆန့်ကျင်ရေးအလံအောက်က အကောင်အထည်ဖော်ခဲ့သည်။ ၉၀ စုနှစ်များမှာတော့ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး အလံအောက်က တတိယကမ္ဘာနိုင်ငံတွေကို လွှမ်းမိုးဖို့လုပ်လာသည်။ သို့သော် တတိယကမ္ဘာနိုင်ငံတွေရဲ့ ဆင်းရဲမှုပြဿနာတွေ၊ ကျန်းမာရေးပြဿနာတွေကို အမှန်တကယ်ကူညီသော အဖွဲ့အစည်းတွေလည်းရှိသည်။ ခေတ်ကိုက ဖွံ့ဖြိုးမှုအကူအညီပေးရေး၊ လူသားချင်းစာနာမှု အကူအညီပေးရေး၊ လူ့အခွင့်အရေးထွန်းကားရေး အတွက် ဝိုင်းဝန်းကူညီကြသည့်ခေတ် ဖြစ်လာသည်။

၈၈ ခုနှစ် စက်တင်ဘာလတွင် တစ်နိုင်ငံလုံး မင်းမဲ့စရိုက် လွှမ်းမိုးလာပြီး ပြည်ထောင်စုကြီး ပြိုကွဲမည့်အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသည့်အတွက် တပ်မတော်က နိုင်ငံကိုဝင်ရောက်ထိန်းသိမ်းခဲ့ရပြီးနောက် နယ်စပ်သို့ ထွက်ပြေးသွားသော ကျောင်းသားများမှာ နယ်စပ်ရှိ သောင်းကျန်းသူတွေထံ ရောက်သွားခဲ့သည်။ ထို့နောက် ထိုသောင်းကျန်းသူများလုပ်သလို လက်နက်ကိုင်တော်လှန်ရေးဖြင့် စစ်အစိုးရ ဖြုတ်ချရေးဆိုတာ လုပ်ကြသည်။ ကျောင်းသားတပ်မတော် ကိုဖွဲ့ပြီး ဟိုတုန်းက ဘီအိုင်အေ မြန်မာပြည်ထဲပြန်ဝင်လာသလို ဝင်ဖို့ စိတ်ကူးယဉ်ခဲ့ကြသည်။ သူတို့အိပ်မက်ထဲမှာ မြို့ထဲကို ခွပ်ဒေါင်း အလံကိုင်ပြီး ချီတက်လာသော ကျောင်းသားတပ်မတော်ကို ပြည်သူ တွေက ပန်းစည်းဆက်နေသည်။ ဒီလို စိတ်ကူးယဉ်လို့ သိပ်မကြာခင် မှာဘဲ ကျောင်းသားတွေ အလွန်အထင်ကြီးသည့် ဗကပ တစ်စစီ ပြိုကွဲပြီး လေထဲလွင့်သွားသည်။ နယ်စပ်က ကေအင်ယူစခန်းတွေ တဖြုတ်ဖြုတ် ကြွေကုန်သည်။ သောင်းကျန်းသူတွေနဲ့ပေါင်းပြီး မြန်မာပြည်ကို သိမ်းမည်ဆိုသည့် လေထဲကတိုက်အိမ်ကြီး ပြိုကျသွားသည်။ ပြည်တွင်းကို သူရဲကောင်းအဖြစ် ပြန်ဝင်ဖို့နေနေသာသာ ဒုက္ခသည်စခန်းမှာ ခွက်လက်စွဲကာ တောင်းစားရမည့်ကိန်း ဆိုက်ခဲ့သည်။

သို့သော် နယ်စပ်ရောက်ပြည်ပြေးများအတွက် ကယ်တင်ရှင်များ ပေါ်လာသည်။ သူတို့ကား နယ်စပ်ဒေသဒုက္ခသည်စခန်းတွေကို အလုံးအရင်းနှင့် ရောက်လာသည့် နိုင်ငံတကာအဖွဲ့အစည်းတွေ၊ INGO တွေဖြစ်သည်။ ထိုအဖွဲ့တွေထဲတွင် လူမှုရေးသက်သက် အကူအညီ ပေးဖို့လာသူတွေပါသလို မြန်မာနိုင်ငံက စစ်အစိုးရကိုဖြုတ်ချဖို့၊ ဒီမိုကရေစီ ထွန်းကားအောင်လုပ်ဖို့ အကူအညီပေးမည့်သူတွေလည်း ပါသည်။ ဘာပဲဖြစ်ဖြစ် ဒီလူတွေနဲ့အတူ ငွေတွေ၊ နည်းပညာတွေ ပါလာသည်။ အထူးသဖြင့် အရှေ့ဥရောပနိုင်ငံတွေမှာ ကွန်မြူနစ် အစိုးရတွေ ပြုတ်ကျသည့်ပုံစံကိုကြည့်ပြီး တစ်ကမ္ဘာလုံးမှာ လစ်ဘရယ် ဒီမိုကရေစီထွန်းကားအောင်လုပ်မယ်ဆိုတဲ့ အစိုးရတွေ၊ INGO တွေဆီက ငွေတွေလှိမ့်ဝင်လာသည်။

ထိုသူတွေအတွက် စစ်တပ်ကအုပ်ချုပ်နေသော မြန်မာနိုင်ငံ၊ ရွေးကောက်ပွဲတွင်အနိုင်ရခဲ့သော်လည်း အစိုးရမဖွဲ့နိုင်သေးသည့်ပါတီ၊ လွတ်လပ်ရေးဖခင်ကြီး၏ သမီးလည်းဖြစ် ဗြိတိန်နိုင်ငံတွင် ပညာ သင်ကြားခဲ့သူလည်းဖြစ်ပြီး အကျယ်ချုပ်ကျနေသည့် ဒေါ်စုကြည်၊ နယ်စပ်ဒေသရှိ ဒုက္ခသည်များ၊ တိုင်းရင်းသားလက်နက်ကိုင်များ၊ ဒီမိုကရေစီလှုပ်ရှားမှုကြီးမှ ထွက်ပြေးတိမ်းရှောင်လာသည့် ပညာတတ် လူငယ်ကျောင်းသားများ စသည့် အခင်းအကျင်းသည် စိတ်လှုပ်ရှား ဖွယ်ရာ အခင်းအကျင်းဖြစ်သည်။ ဒီလို နိုင်ငံမျိုးမှ ဒီမိုကရေစီ ထွန်းကားအောင် မလုပ်ပေးဘူးဆိုရင် ဘယ်နိုင်ငံမှာသွားလုပ်ရမလဲဟု စိတ်ကူးယဉ်ပြီး ရင်ခုန်စရာဖြစ်သည်။

**တိုတိုပြောရရင် နယ်စပ်ရောက် ကျောင်းသားဆိုသူများသည် လည်းကောင်း၊ နောက်ကလိုက်လာသည့် NLD ပါတီဝင်အမတ်များ သည် လည်းကောင်း လက်နက်ကိုင်တော်လှန်ရေးဆိုတာကို မေ့လိုက် ကြတော့သည်။ မမေ့လို့ကလည်းမဖြစ်၊ အလှူရှင်အများစုကလည်း လက်နက်ကိုင်တိုက်ပွဲထက် အရှေ့ဥရောပပုံစံလူထုလှုပ်ရှားမှုဖြင့် ဒီမို ကရေစီတော်လှန်ရေးလုပ်တာကို ပိုပြီးအာရုံကျနေသည်မဟုတ်ပါလား။ နောက်ပြီး မဲသဝေါ၊ မော်ဖိုးကေ၊ မဲလ၊ မာနယ်ပလောဆိုသည့် တိုက်ပွဲ ကြီးတွေမှာ တပ်မတော်၏ စစ်ရေးစွမ်းရည်ထက်မြက်မှုဒဏ်ကို မြက်မြက်ကလေး ခံလိုက်ပြီးကတည်းက သူရဲကောင်းလုပ်ချင်စိတ်တွေ ပျောက်ကုန်တာလည်းပါသည်။ ဒီလိုနဲ့ နောက်ဆုံး ကျောင်းသား တပ်မတော်ဆိုသည့်အထဲမှာ ချိုကျိုးနားရွက်ပဲ့တွေပဲကျန်ခဲ့ပြီး ခေါင်းဆောင်ဆိုသူတွေက ဗန်ကောက် ထိုမှတစ်ဆင့် တတိယနိုင်ငံ အသီးသီးသို့ ရောက်သွားပြီး သူတို့အဆို နိုင်ငံတကာတွင် မြန်မာ့ ဒီမိုကရေစီအရေးလှုပ်ရှားရန်အတွက် ထွက်ခွာသွားကြတော့သည်။**

**သို့သော် ထိုခေါင်းဆောင်များထဲတွင်လည်း ညီညွတ်သော လှုပ်ရှားမှုရှိသည်မဟုတ်။ မြန်မာ့အရေးအတွက် ငွေလှူမည့် အဖွဲ့ အစည်းများ၏လုပ်နည်းအရ ဘာလုပ်မယ်ဆိုတာ အဆိုပြုလွှာတင်ရ သည်။ အဆိုပြုလွှာမှာ အကောင်အထည်ဖော်မည့် အဖွဲ့အစည်းအမည် ဖော်ပြရသည်။ ဒီတော့ လူတိုင်းက ငွေကိုင်ချင်သည်။ ခေါင်းဆောင် လုပ်ချင်သည်။ ထို့ကြောင့် ပြည်ပမှ နှစ်ယောက်တစ်ပိုင်းနဲ့ဖွဲ့ထားသော မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့များ၊ တပ်ပေါင်းစုများ၊ တပ်ဦးများ ရာချီ ပေါ်လာခြင်းဖြစ်သည်။ ထိုသူများကား သံရုံးရှေ့တွင် ဆန္ဒပြခြင်း၊ ကြေညာချက်ထုတ်ခြင်း၊ ဆွေးနွေးပွဲကျင်းပခြင်းတို့ကို ပျော်ပျော်ကြီး လုပ်ပြီး ငွေထုတ်စားကြသည်။ မကောင်းတတ်မှ ထိုင်းနယ်စပ်ကို ခဏလာ ဟိုဟာဒီဟာလေးကူညီ၊ ဓာတ်ပုံရိုက်ပြီးပြန်တော့သည်။ မဲဆောက်က ခြံတစ်ခုအတွင်းရှိ အုတ်နံရံတွင် စာတွေကပ် ဓာတ်ပုံ ရိုက်ပြီး ရန်ကုန်တွင်လုပ်သည့် လှုပ်ရှားမှုဆိုကာ အလှူရှင်ထံ ပြန်တင်ပြသည့်အဖွဲ့လည်း ရှိသည်။ မဲဆောက်အနှိပ်ခန်းမှာ တော်လှန်ရေးဆင်နွှဲသူက များမှများ။ အေအေပီပီမှ ဌေးအောင်၊ အက်ဖ်ဒီဘီမှ နိုင်အောင်တို့ဆိုလျှင် မဲဆောက်မှာ ညကလပ်တက်ပြီး တော်လှန်ရေးလုပ်နေသည်။** မိုးသီးဇွန်၊ ပြည်ပြေးစိန်ဝင်းတို့ အုပ်စု ကတော့ နယ်စပ်တော်လှန်ရေးကို စိတ်မဝင်စား၊ သူတို့တော်လှန်ရေး ကား ထိုင်းနယ်စပ်မဟုတ်။ နိုင်ငံတကာ တော်လှန်ရေးဖြစ်နေသည်။ အလှူငွေများဖြင့် ပျော်ပျော်ကြီး ခရီးသွားသည်။ ပညာသင်သည်။ ကြင်ရာမောင်နှံ ဟန်နီးမွန်းထွက်သည်။ ကိုယ့်ဘာသာကို ရာထူးပေးပြီး လစာကို ဒေါ်လာထောင်သောင်းချီ ထုတ်ယူသည်။ ဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ဘယ်သူကမှ မဝေဖန်ရဲကြ။ တစ်ယောက်လုပ်တာ ထောက်ပြလို့ အလှူရှင်များက အကူအညီများရပ်လိုက်လျှင် အားလုံး ဒုက္ခရောက်မည်မဟုတ်ပါလား။ ညောင်မြစ်တူးရင်း ပုတ်သင်ဥ ပေါ်မည့်အရေးကြောင့် လည်သလိုကြည့်လုပ်၊ ငါစားတာလည်း မင်းမပြောနဲ့၊ မင်းစားတာလည်း ငါမပြောဘူးဆိုသည့် အပေါက် ချိုးနေတာကြာပြီ ဖြစ်သည်။ အချို့ပြည်ပြေးများဆိုလျှင် မြန်မာပြည်ရှိ ဆွေမျိုးတွေထံ ငွေပြန်ပို့ပြီး စားသောက်ဆိုင်များ၊ မိုဘိုင်းဖုန်းဆိုင်များ ဖွင့်ထားသည်ပင် ရှိသေးသည်။

အခုတော့ ဒိန်းမတ်နိုင်ငံက ဧရာဝတီမဂ္ဂဇင်းအတွက် နှစ်စဉ် ဒေါ်လာတစ်သန်း အကူအညီပေးနေမှုကို ရပ်ဆိုင်းတော့မည်ဟု ကြားသိရသည်။ ဒိန်းမတ်နိုင်ငံကတော့ အတော်စိတ်ကုန်သွားပုံရသည်။ ဟုတ်ပါသည်။ မြန်မာနိုင်ငံတွင် စာမျက်နှာ နှစ်ရာဝန်းကျင် ကွာလတီ မဂ္ဂဇင်းတစ်စောင်လျှင် ကုန်ကျစရိတ်လေးထောင်လောက်ရှိသည်။ ဧရာဝတီက စောင်ရေနှစ်ရာဆိုတော့ ရိုက်ခရှစ်သိန်း။ ထားလိုက်ပါ ဒီတော့ ဒေါ်လာရှစ်ရာ။ တစ်နှစ်ကို ဒေါ်လာကိုးထောင့်ခြောက်ရာ ပိုပို သာသာ ဒေါ်လာတစ်သောင်းထားလိုက်ပါ။ ဝက်ဘ်ဆိုက်အတွက် Domain, Server အတွက်ပါ ထည့်တွက်လျှင် ကုန်ကျစရိတ် တစ်သောင်းငါးထောင်ထက်မပို။ ကျန် ဒေါ်လာ ကိုးသိန်းရှစ်သောင်း ငါးထောင်ကား ဧရာဝတီမဂ္ဂဇင်းမှ ဝန်ထမ်း ၆၂ ဦးနှင့် ဆရာကြီး အောင်ဇော်အတွက် လစာနှင့် အထွေထွေကုန်ကျစရိတ်ဖြစ်သွားပေပြီ။ မြန်မာနိုင်ငံတွင် မဂ္ဂဇင်းတစ်စောင်ကို လူဆယ်ယောက်လောက်နှင့် လုပ်နေရသော ထုတ်ဝေသူများကား သနားဖွယ်။

ဒါက ဒိန်းမတ်တစ်နိုင်ငံနှင့် ဧရာဝတီဇာတ်လမ်းသာရှိသေးသည်။ ကျန်နိုင်ငံများစွာ၊ အဖွဲ့များစွာက ပြည်ပရောက် ဒီမိုကရေစီ အဖွဲ့ အစည်းများထံသို့ စီးဝင်နေသောငွေများမှာ သန်းရာချီရှိတော့မည် ဖြစ်သည်။ NED လို အဖွဲ့တစ်ခုတည်းကပင် တစ်နှစ်ဒေါ်လာ နှစ်သန်းကျော်သုံးခဲ့ရာ ပြည်ပြေးအဖွဲ့တွေအိတ်ကပ်ထဲသို့ ရောက်သွား သည့် ငွေပမာဏကို ခန့်မှန်းနိုင်ပါသည်။ ထိုအတွက် ဘာတွေရခဲ့သလဲ။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီအပြောင်းအလဲများ ဖြစ်ပေါ်အောင် ဘာတွေလုပ်နိုင်ခဲ့သလဲ။ သူတို့ ကူညီချင်သည်ဆိုသော ပြည်သူတွေထံ ငွေတွေဘယ်လောက်ရောက်ပြီး ဘာတွေအကျိုးရှိခဲ့သလဲ။ ပြည်တွင်းက

**ပြည်ပရောက် အဖွဲ့အစည်းများအနေဖြင့် ယခုကဲ့သို့ ဒီမိုကရေစီလှုပ်ရှားမှုကို စီးပွားရေးလုပ်ငန်းအသွင်ဖြင့် လုပ်ဆောင်လာနေသည်မှာ ရင်နာဖွယ်ပင်ဖြစ်သည်။ သူတို့ကို အတုယူပြီး ပြည်တွင်းက ဒီမိုကရေစီသမားများပင်လျှင် အနောက်နိုင်ငံများသို့ သွားရောက်လိုသူများအတွက် ပါတီဝင်အဖြစ် ဗီဇာထောက်ခံပေးခြင်း၊ သူတို့ ဆွေမျိုး သားချင်းများကို ပြည်ပသို့စေလွှတ်ပြီး ပညာသင်နိုင်အောင် လုပ်ပေးခြင်းတို့ဖြင့် အားကျမခံ လုပ်လာသည်ကိုလည်း တွေ့လာရသည်။ ပြည်ပြေးများကလည်း ပြည်ပသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်လာသူများကို ခိုလှုံခွင့်ရအောင်၊ ဒုက္ခသည် ထောက်ပံ့ကြေးရအောင် အခကြေးငွေရယူလုပ်ကိုင်ပေးလျက်ရှိရာ ထိုလုပ်ငန်းသည် ပင်လျှင် စီးပွားရေးလုပ်ငန်းကြီးတစ်ခုအဖြစ်သို့ ရောက်နေပြီဖြစ်။**

လူတွေမဆိုထားနဲ့
အခြေအနေ ဘာ
လျှင် ဘာမှ ထိထိ
ဖြစ်သည်။
ပြည်ပြေးမျာ
အညီတွေ မပေးဖို့
မပေးဖို့ အမြဲ
ပြည်သူတွေဆီကို
လုပ်မည်ဟု ပြော
ကျန် လူသားချင်
ကုလသမဂ္ဂဆိုင်ရ

**ပြည်**
**နားယောင်**
**မကူးပြော**
**ကူးပြောင်း**
**ဖြစ်သည်။**
**ပရိဂျက်နိုင်**
**ဒါတွေကို**
**ကျွန်တော်**

ပေးလို့ရသည်။
ရှိသည်။ ထိုအဖွဲ့
တစ်ပိုင်းနှင့် ကို
ပွင့်လင်းမြင်သာမှ
နှစ်စဉ် စာရင်းစစ်
ပြည်တွင်းတွင်
အဖွဲ့များကို အကူ
သုံးပြီး တားဆီးပိ
စစ်အစိုးရကို ကူ
တွေဆီက တစ်ဆ
အများစုက ပြည်
ကုန်ကျစရိတ်တွေ
နေပြီဖြစ်သည်။
**ပြည်ပရောက်**
**လှုပ်ရှားမှုကို စီးပွာ**
**ရင်နာဖွယ်ပင်ဖြစ်**



# ...ရေးအခြေကြီးဆုံးမှာ

ဒဂုံသား

**...တစ်ဆင့် တတိယနိုင်ငံ**
**...ငံတကာတွင် မြန်မာ့**
**...သွားကြတော့သည်။**
**...သည်း ညီညွတ်သော**
**...က် ငွေလှူမည့် အဖွဲ့**
**...ကာ အဆိုပြုလွှာတင်ရ**
**...ည့် အဖွဲ့အစည်းအမည်**
**...င်သည်။ ခေါင်းဆောင်**
**...တစ်ပိုင်းနဲ့ဖွဲ့ထားသော**
**...များ၊ တပ်ဦးများ ရာချီ**
**...ရွေ့တွင် ဆန္ဒပြခြင်း၊**
**...င်းတို့ကို ပျော်ပျော်ကြီး**
**...တ်မှ ထိုင်းနယ်စပ်ကို**
**...က်ပြီးပြန်တော့သည်။**
**...် စာတွေကပ် ဓာတ်ပုံ**
**...ဆိုကာ အလှူရှင်ထံ**
**...ဆောက်အနှိပ်ခန်းမှာ**
**...အပီပီမှ ဒွေးအောင်၊**
**...မှာ ညကလပ်တက်ပြီး**
...ပြေးစိန်ဝင်းတို့ အုပ်စု
...း၊ သူတို့တော်လှန်ရေး
...လှန်ရေးဖြစ်နေသည်။
...ည်။ ပညာသင်သည်။
...တသာကို ရာထူးပေးပြီး
...သည်။ ဒီကိစ္စတွေနဲ့
...တစ်ယောက်လုပ်တာ
...ရပ်လိုက်လျှင် အားလုံး
...တူးရင်း ပုတ်သင်ဥ
...ပ်၊ ငါးစားတာလည်း
...ူးဆိုသည့် အပေါက်
...းဆိုလျှင် မြန်မာပြည်ရှိ
...း၊ မိုဘိုင်းဖုန်းဆိုင်များ

...ဇင်းအတွက် နှစ်စဉ်
... ရပ်ဆိုင်းတော့မည်ဟု
...စိတ်ကုန်သွားပုံရသည်။
...ရာဝန်းကျင် ကွာလတီ
...တင်လောက်ရှိသည်။
...စ်သိန်း။ ထားလိုက်ပါ
...းထောင့်ခြောက်ရာ ပိုပို
... ဝက်ဘ်ဆိုက်အတွက်
...ပ်လျှင် ကုန်ကျစရိတ်
...၁ ကိုးသိန်းရှစ်သောင်း
...၆၂ ဦးနှင့် ဆရာကြီး
...ကျစရိတ်ဖြစ်သွားပေပြီ။
...ယ်ယောက်လောက်နှင့်
...ပ်။

...လမ်းသာရှိသေးသည်။
...က် ဒီမိုကရေစီ အဖွဲ့
...သန်းရာချီရှိတော့မည်
...ပင် တစ်နှစ်ဒေါ်လာ
...ကပ်ထဲသို့ ရောက်သွား
...ွက် ဘာတွေရခဲ့သလဲ။
...များ ဖြစ်ပေါ်အောင်
...ိုသော ပြည်သူတွေထံ
...ရှိခဲ့သလဲ။ ပြည်တွင်းက

လူတွေမဆိုထားနဲ့ နယ်စပ်ဒေသဒုက္ခသည်စခန်းများက လူတွေရဲ့ အခြေအနေ ဘာတွေတိုးတက်ခဲ့သလဲ။ ဒီမေးခွန်းများကို ဖြေကြည့်လျှင် ဘာမှ ထိထိရောက်ရောက် မလုပ်နိုင်ခဲ့ဆိုသည်ကို တွေ့ရမည်ဖြစ်သည်။

ပြည်ပြေးများက မြန်မာနိုင်ငံကို လူသားချင်းစာနာမှု အကူအညီတွေ မပေးဖို့၊ ကျန်းမာရေး၊ ပညာရေးကဏ္ဍတွေမှာ အကူအညီမပေးဖို့ အမြဲတောင်းဆိုခဲ့သည်။ သူတို့က ဒီအကူအညီတွေက ပြည်သူတွေဆီကို ရောက်မည်မဟုတ်၊ အစိုးရကသာ အလွဲသုံးစားလုပ်မည်ဟု ပြောသည်။ တကယ်တော့ ကျန်းမာရေး၊ ပညာရေးနှင့်ကျန် လူသားချင်းစာနာမှု အကူအညီများကို အစိုးရထံမပေးဘဲ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်း NGO များထံက ပေးလို့ရသည်။ လက်တွေ့အကောင်အထည်ဖော်နေသည်များလည်း ရှိသည်။ ထိုအဖွဲ့အစည်းများက ပြည်ပြေးအုပ်စုတွေလို နှစ်ယောက်တစ်ပိုင်းနှင့် ကိုယ့်အမျိုးကိုယ်ပြန်ခန့်ထားသော အဖွဲ့များမဟုတ်၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုအပြည့်ရှိသော အဖွဲ့များဖြစ်သည်။ နှစ်စဉ် စာရင်းစစ်ခံနေရသော အဖွဲ့အစည်းများဖြစ်သည်။ သို့သော် ပြည်တွင်းတွင် အကူအညီပေးရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် အဖွဲ့များကို အကူအညီပေးမည်ဆိုလျှင် ပြည်ပြေးများက နည်းမျိုးစုံသုံးပြီး တားဆီးပိတ်ပင်သည်။ နောက်ဆုံးတော့ အလှူရှင်အများစုက စစ်အစိုးရကို ကူညီသည်ဟု အထင်မခံနိုင်သဖြင့် ပြည်ပြေးအဖွဲ့တွေဆီက တစ်ဆင့်သာ အကူအညီပေးသည်။ ဒါပေမယ့် အကူအညီအများစုက ပြည်ပြေးများ၏ လစာ၊ ခရီးသွားစရိတ်၊ Campaign ကုန်ကျစရိတ်တွေထဲမှာ ပါသွားပြီး သဲထဲရေသွန်ဖြစ်ခဲ့သည်မှာ ထင်ရှားနေပြီဖြစ်သည်။

**ပြည်ပရောက် အဖွဲ့အစည်းများအနေဖြင့် ယခုကဲ့သို့ ဒီမိုကရေစီလှုပ်ရှားမှုကို စီးပွားရေးလုပ်ငန်းအသွင်ဖြင့် လုပ်ဆောင်လာနေသည်မှာ ရင်နာဖွယ်ပင်ဖြစ်သည်။ သူတို့ကို အတုယူပြီး ပြည်တွင်းက ဒီမိုကရေစီသမားများပင်လျှင် အနောက်နိုင်ငံများသို့ သွားရောက်လိုသူများအတွက် ပါတီဝင်အဖြစ် ဗီဇာထောက်ခံပေးခြင်း၊ သူတို့ဆွေမျိုးသားချင်းများကို ပြည်ပသို့စေလွှတ်ပြီး ပညာသင်နိုင်အောင် လုပ်ပေးခြင်းတို့ဖြင့် အားကျမခံ လုပ်လာသည်ကိုလည်း တွေ့လာရသည်။ ပြည်ပြေးများကလည်း ပြည်ပသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်လာသူများကို ခိုလှုံခွင့်ရအောင်၊ ဒုက္ခသည် ထောက်ပံ့ကြေးရအောင် အခကြေးငွေရယူလုပ်ကိုင်ပေးလျက်ရှိရာ ထိုလုပ်ငန်းသည်ပင်လျှင် စီးပွားရေးလုပ်ငန်းကြီးတစ်ခုအဖြစ်သို့ ရောက်နေပြီဖြစ်သည်။**

ထိုသူများအတွက်ကား လက်ရှိ စစ်အစိုးရအုပ်ချုပ်နေသည့် အခြေအနေက ပိုပြီး ကျေနပ်စရာဖြစ်နေသည်။ ဒါမှလည်း မြန်မာပြည်အကြောင်း ဇာတ်နာအောင်ပြောပြီး ပရိုဂျက်တွေ တင်လို့ကောင်းမည်ဖြစ်သည်။ အလှူရှင်တွေထံက ငွေချူလို့ ကောင်းမည်ဖြစ်သည်။ ဒါ့ကြောင့်လည်း လက်ရှိရွေးကောက်ပွဲကတစ်ဆင့် ဒီမိုကရေစီကို အဆင့်ဆင့် အကောင်အထည်ဖော်ရမည်ဆိုသည့် အယူအဆကို လက်မခံနိုင်ဘဲ ရွေးကောက်ပွဲကို သပိတ်မှောက်ဖို့၊ အပြောင်းအလဲကို လက်မခံဖို့ အကျောက်အကန်ပြောနေခြင်းဖြစ်သည်။

**ပြည်တွင်းက ကျွန်တော်တို့လို သာမန်ပြည်သူတွေအနေဖြင့် သူတို့ရဲ့စကားတွေကို နားယောင်နေလျှင်ကား ဘယ်လိုမှ ခရီးပေါက်မည်မဟုတ်။ ဒီမိုကရေစီကို အဆင့်ဆင့် မကူးပြောင်းနိုင်လျှင် ကျွန်တော်တို့ပဲ ဒုက္ခရောက်မည်။ သူတို့ကား ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်ကြီး ကြန့်ကြာလေ ဝမ်းဝလေ၊ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဖြစ်သည်။ အပြောင်းအလဲသည် သူတို့ဘဝ ရပ်တည်ရေး၊ သူတို့ မှန်မှန်ကြီး လည်ပတ်နေသော ပရိုဂျက်နိုင်ငံရေး တစ်နည်းအားဖြင့် သူတောင်းစားနိုင်ငံရေးအတွက် အန္တရာယ်ဖြစ်သည်။ ဒါတွေကို ကျွန်တော်တို့အားလုံး နားလည်လျှင် ရွေးကောက်ပွဲတွင် ဘာလုပ်သင့်သည်ကို ကျွန်တော်တို့အားလုံး ဆုံးဖြတ်နိုင်ပြီဖြစ်။**

သူတို့အတွက် အရေးအကြီးဆုံးမှာ ဒီမိုကရေစီတော်လှန်ရေးအောင်မြင်ဖို့ မဟုတ်။ ဒီမိုကရေစီတော်လှန်ရေး အခွန့်ရှည်ဖို့အဓိကဖြစ်သည်။ ဒါမှ ပိုနေမြဲ ကျားနေမြဲ စားကောင်း သောက်ကောင်းဖြစ်မည်။ **ပြည်တွင်းက ကျွန်တော်တို့လို သာမန်ပြည်သူတွေအနေဖြင့် သူတို့ရဲ့စကားတွေကို နားယောင်နေလျှင်ကား ဘယ်လိုမှ ခရီးပေါက်မည်မဟုတ်။ ဒီမိုကရေစီကို အဆင့်ဆင့်မကူးပြောင်းနိုင်လျှင် ကျွန်တော်တို့ပဲ ဒုက္ခရောက်မည်။ သူတို့ကား ဒီမိုကရေစီအသွင်ကူးပြောင်းရေးဖြစ်စဉ်ကြီး ကြန့်ကြာလေ ဝမ်းဝလေ၊ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေဖြစ်သည်။ အပြောင်းအလဲသည် သူတို့ဘဝ ရပ်တည်ရေး၊ သူတို့ မှန်မှန်ကြီး လည်ပတ်နေသော ပရိုဂျက်နိုင်ငံရေး တစ်နည်းအားဖြင့် သူတောင်းစား နိုင်ငံရေးအတွက် အန္တရာယ်ဖြစ်သည်။ ဒါတွေကို ကျွန်တော်တို့အားလုံး နားလည်လျှင် ရွေးကောက်ပွဲတွင် ဘာလုပ်သင့်သည်ကို ကျွန်တော်တို့အားလုံး ဆုံးဖြတ်နိုင်ပြီဖြစ်ပါသည်။** ထိုလုပ်ငန်းကား မိမိတို့၏ ဒီမိုကရေစီအခွင့်အရေးဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ကို အသိတရားနှင့်ယှဉ်ကာ အသုံးချပြီး ရွှေနိုင်ငံ၏ အနာဂတ်အတွက် မဲပေးကြဖို့ပင်ဖြစ်သည်။ ။

## ပြည်ဂုဏ်ရောင် ထွန်းပြောင်လင်းစေဖို့

- မြန်မာတွေ အသိတရားရယ်နဲ့
  သတိထားကြစေချင်သည်။
  တိုင်းပြည်ကို ဘယ်သူချစ်ပါသလဲ
  တိုင်းပြည်ကို ဘယ်သူနစ်ပါသလဲ
  အချစ်နှင့် အနစ်အား
  ခွဲခြားသင့်ပြီ။
  ချစ်ခြင်းအမှန် အရှင်ခံထားလေမှ
  တိုင်းပြည်က လှနိုင်မည်
  မြင်နိုင်ပြီ ပြည်သူ့အပေါင်း။
  မချစ်ဘဲ
  နစ်မှ နစ်ချင်သူတွေက
  မြှူကာ အချိုစကားကို
  ပြောကြားတတ်ကြောင်း။
- မြန်မာတွေ အမှန်တရားကိုမြင်
  သိထားကြစေချင်သည်။
  တိုင်းပြည်ကို ချစ်မြတ်နိုးလျှင်မြင်
  တိုင်းကျိုးကို ဘယ်သူမြင်နေသလဲ
  ရှာတတ်ရမည်။
  စည်းကမ်းတကျ ဒီမိုကရေစီ
  ဆောက်တည်ကာ မဲတော်ပေး။
  အတွေးနယ် အသွယ်အပွားတွေကြောင့်
  အရွေးအချယ် ဘယ်မှားစေနဲ့
  တိုင်းပြည်အား ချစ်မြတ်နိုး
  တိုင်းပြည်ကျိုး ထမ်းရွက်ဆောင်
  ပြည်ဂုဏ်ရောင် ထွန်းပြောင်လင်းစေဖို့
  အားတင်းကာ ကြိုးဆောင်မည်
  ပြည်ချစ်ဟောင်း ကိုယ်စားလှယ်များကိုမြင်
  တို့များ ကြည်ဖြူလို့
  တို့ပြည်သူ အသည်းအေးအောင်
  မဲပေးစို့လေး။ ။

ခွန်ရဲသွေး (အေးသာယာ)

# နိုင်ငံတော်အစိုးရက ပြုလုပ်တဲ့ ငြိမ်းချမ်းရေးသည် ပြည်သူတွေအတွက် အမှန်တကယ်လိုအပ် ဒေသတွင်း အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်သွားကြမှာဖြစ်

# မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့ လက်နက်အပ်နှံပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၇

**မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့ လက်နက်အပ်နှံပွဲ အခမ်းအနားကို အောက်တိုဘာ ၂၆ ရက် ညနေ ၃ နာရီခွဲတွင် မော်လမြိုင်မြို့၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက်၍ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ပစ္စည်းများ ပေးအပ်သည်။**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်း မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ အိမ်သုံးပစ္စည်းများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

အဆိုပါ လက်နက်အပ်နှံပွဲအခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ဦးနိုင်ရှောင်က လက်နက်များ အပ်နှံရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် "ကျွန်တော်သည် မွန်တိုင်းရင်းသားတစ်ဦးဖြစ်သလို မွန်ပြည်သစ်ပါတီဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ကျွန်တော်သည် မွန်ပြည်သစ်ပါတီထဲတွင် နှစ်ပေါင်းများစွာ နေထိုင်လာခဲ့ပြီး နိုင်ငံတော်အစိုးရနှင့် မွန်ပြည်သစ်ပါတီတို့ အပစ်အခတ်ရပ်စဲရာတွင်လည်း ပါဝင်ခဲ့ပါတယ်။ ကျွန်တော်ဟာ တောတွင်းကနေ ပြန်လည်ရောက်ရှိလာပြီးနောက်မှာ ရုပ်မြင်သံကြားမှာ တွေ့ရတဲ့ ဒို့တာဝန် အရေးသုံးပါးကို လေ့လာသိရှိခဲ့ပါတယ်။ အဲဒီ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံတော်အစိုးရက ပြုလုပ်တဲ့ ငြိမ်းချမ်းရေးသည် ပြည်သူတွေအတွက် အမှန်တကယ်လိုအပ်ကြောင်း နားလည်လက်ခံလာခဲ့ပါတယ်။ ဒို့တာဝန်အရေးသုံးပါးဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ဟာ ပြည်ထောင်စုသားအားလုံး ခံယူထားကြမှာဖြစ်ကြောင်း အပြည့်အဝ ယုံကြည်ခဲ့ပါတယ်။ ဒါ့အပြင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက်လည်း မရှိမဖြစ် လိုအပ်ကြောင်းလည်း သဘောပေါက်လာခဲ့ပါတယ်။

နိုင်ငံတော်အစိုးရနဲ့ အပစ်အခတ်ရပ်စဲပြီးနောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လက်တွဲဆောင်ရွက်ခဲ့ပါတယ်။နိုင်ငံတော်အစိုးရအနေနဲ့ မိမိတို့ တိုင်းရင်းသား ညီအစ်ကိုတစ်တွေကို ထာဝရငြိမ်းချမ်းရေး ရရှိစေဖို့ အသွင်ကူးပြောင်းရေးအစီအစဉ်များ ချပြပေးခဲ့ပါတယ်။ ဒီအသွင်ကူးပြောင်းရေးအစီအစဉ်တွေကို မွန်ပြည်သစ်ပါတီအနေနဲ့ လက်ခံခြင်းမရှိပါ။ သို့ရာတွင် ကျွန်တော်နဲ့ ယခုအခမ်းအနားကို တက်ရောက်လာတဲ့ တပ်ဖွဲ့ဝင်တွေကတော့ နိုင်ငံတော်ရဲ့စေတနာကို နားလည်သဘောပေါက်ခဲ့ကြပါတယ်။ အသွင်ကူးပြောင်းရေးအစီအစဉ်တွေအတိုင်း ဒေသခံလူထုများနှင့်အတူ လက်တွဲပြီး ဒေသတွင်း အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းလုပ်ဆောင်သွားကြမှာဖြစ်ပါတယ်။

နိုင်ငံတော်မှာ မကြာမီပြုလုပ်မည့် ရွေးကောက်ပွဲကြီးသည် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဦးတည်ကြောင်း၊ ပြည်သူလူထုများ၏ ဆန္ဒနှင့်အညီ ပြုလုပ်သော ရွေးကောက်ပွဲကြီးဖြစ်ကြောင်း ယုံကြည်ပြီး မဲဆန္ဒပေးရန်အတွက် ကျွန်တော်နှင့် တပ်ဖွဲ့ဝင်အားလုံးက တူညီသောဆန္ဒများဖြင့် ယခုကဲ့သို့ လက်နက်များစွန့်လွှတ်ကာ နိုင်ငံတော်သို့ အပ်နှံခြင်းသာဖြစ်ပါတယ်။ ကျွန်တော်နဲ့အတူ တပ်ဖွဲ့ဝင်မိသားစုများသည် ပြည်သူများနှင့်အတူ လက်တွဲပြီး ဆန္ဒမဲ ပေးအပ်သွားမှာဖြစ်ပါတယ်။

အနေဖြင့် နိုင်ငံ့သားကောင်းတစ်ဦးအဖြစ်ကဲ့သို့ နေထိုင်သွားရန်သာ ဆန္ဒရှိပါကြောင်း ထပ်မံ၍ ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုတာကတော့ နိုင်ငံတော်နဲ့ ပြည်သူများက မိမိတို့အပေါ် နားလည်စာနာပြီး ဆက်လက်၍ ယခုကဲ့သို့ ကျွန်တော်တို့ကို လှိုက်လှဲစွာ ကြိုဆိုပြီး စေတနာအပြည့်နဲ့ ဖြည့်ဆည်းကူညီကြတဲ့ နိုင်ငံတော်အစိုးရနဲ့ ပြည်သူလူထုကို ကျေးဇူးတင်ပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထု၏ မေတ္တာကို ပြန်လည်တုံ့ပြန်သောအားဖြင့် ယခုကဲ့သို့ ကျွန်တော်တို့ကိုင်ဆောင်သော လက်နက်များ အပ်နှံခြင်းဖြစ်ကြောင်း၊ ကျွန်တော်တို့ ဝိုင်းဝန်းစောင့်ရှောက်ပေးပါရန်နှင့် နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် နိုင်ငံသားကောင်းတစ်ယောက် ပီသစွာ နေထိုင်သွားမည်ဟု အားလုံးရဲ့ကိုယ်စား ဝန်ခံကတိပြုပါကြောင်း"ဖြင့် ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ မွန်ငြိမ်းချမ်းကာကွယ်ရေးတပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်းထံ မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့ ခေါင်းဆောင် ဦးနိုင်ရှောင်က ၎င်းတို့၏ လက်နက်မျိုးစုံ၊ ခဲယမ်းမီးကျောက်နှင့် ဆက်စပ်ပစ္စည်းများကို အပ်နှံစဉ်။ (သတင်းစဉ်)

ထို့နောက် ဒေသခံတိုင်းရင်းသူ ဒေါ်မိဥမ္မာက မွန်ဘာသာဖြင့်လည်းကောင်း၊ ဒေါ်မြသန်းက မြန်မာဘာသာဖြင့်လည်းကောင်း ဒေသခံတိုင်းရင်းသားပြည်သူများကိုယ်စား လှိုက်လှဲစွာကြိုဆိုဂုဏ်ပြုကြောင်း ပြောကြားရာတွင် "ယနေ့အချိန်ဟာ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ စည်းလုံးညီညွတ်မှုနဲ့ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်နေတဲ့အချိန်ကာလပဲ ဖြစ်ပါတယ်။ အဲဒီလို တည်ဆောက်နေတဲ့ အချိန်ကာလမှာ နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ ရင်ခွင်ကိုခိုလှုံဖို့ ရောက်ရှိလာတဲ့ မွန်ငြိမ်းချမ်း ကာကွယ်ရေးအဖွဲ့ကိုလှိုက်လှဲစွာဖြင့်လက်ကမ်းကြိုဆိုပါကြောင်း ပြည်သူလူထုကိုယ်စား ပြောကြားလိုပါတယ်။

နိုင်ငံတော်အစိုးရရဲ့ စစ်မှန်တဲ့ စေတနာ၊ ပြည်သူလူထုရဲ့လက်ကမ်းကြိုဆိုမှုများကြောင့် ၁၉၈၈ ခုနှစ်မှ ၁၉၉၀ ခုနှစ်အတွင်း ငြိမ်းချမ်းရေးအဖွဲ့ကြီး ၁၇ဖွဲ့နဲ့ အဖွဲ့ငယ်များစွာတို့ဟာ ငြိမ်းချမ်းရေးရယူပြီး နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နဲ့အတူ လက်တွဲပြီး ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ မွန်ပြည်နယ်အတွင်း နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ ပညာရေးကောလိပ်၊ ခုတင် (၃၅၀) ဆံ့ ဆေးရုံကြီးတို့ကို တိုးမြှင့်ဖွင့်လှစ်ပေးခဲ့တဲ့အတွက် ဒေသခံပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုသာမက ပြည်ထောင်စုရင်သွေးငယ်များ ကိုယ့်ရပ်ကိုယ့်ဒေသမှာ အဆင့်မြင့် ပညာရပ်များ သင်ကြားနိုင်ရေးအတွက်ပါ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း ပြောကြားလိုပါတယ်။

အခြေခံအဆင့်မှာလည်း ၁၉၈၈ ခုနှစ်က အခြေခံပညာကျောင်းပေါင်း ၁၂၀၅

**စာမျက်နှာ ၁၁ ကော်လံ ၁သို့ ●**

မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့ လက်နက်အပ်နှံပွဲ အခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

● စာမျက်နှာ ၁၀ မှ

ကျောင်းသာရှိခဲ့ရာမှ ယခု ၁၃၆၁ ကျောင်းအထိ တိုးတက်လာခဲ့ပြီး ၂၀၀၈-၂၀၀၉ ခုနှစ်နဲ့ ၂၀၀၉-၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲမှာလည်း နှစ်ကြိမ်ဆက်တိုက် မွန်ပြည်နယ်အနေနဲ့ တစ်နိုင်ငံလုံး အောင်ချက်အမြင့်မားဆုံး ပထမဆု ဆွတ်ခူးရရှိသည်အထိ ပညာဆီမီးကို ထွန်းလင်းတောက်ပစေခဲ့ပါတယ်။ မွန်ပြည်နယ် ရာမညမြေဟာ ရေခံမြေခံကောင်းပြီး မြေသယံဇာတပေါကြွယ်ဝရာ ဒေသဖြစ်တာနဲ့အညီ လယ်ယာကိုင်းကျွန်း၊ ဥယျာဉ်ခြံလုပ်ငန်းများလည်း အထူးကောင်းမွန် ဖွံ့ဖြိုးတိုးတက်လာခဲ့တာကို မျက်ဝါးထင်ထင် တွေ့မြင်ကြရမှာလည်း ဖြစ်ပါတယ်။

လမ်းပန်းဆက်သွယ်ရေး ကဏ္ဍများအနေနဲ့ ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ရထားလမ်း ၃၁၅ မိုင်၊ ကားလမ်း ၇၅၃ မိုင်၊ ပေ ၁၈၀ အထက် တံတား ၁၆ စင်း တိုးတက် ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့လာသည်နှင့်အမျှ မွန်ပြည်နယ်အတွင်းမှာရှိတဲ့ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝလည်း ဖွံ့ဖြိုးတိုးတက်လာခဲ့ပါတယ်။ ဒါ့အပြင် မွန်ပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူများ ဘယ်တုန်းကမှ မျှော်လင့်မထားတဲ့ သံလွင်တံတား (မော်လမြိုင်)ကို နိုင်ငံတော်အစိုးရက တည်ဆောက်ပေးနိုင်ခဲ့တဲ့အတွက် မွန်ပြည်နယ်ရဲ့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍဟာ ပြည်နယ်နှင့်ပြည်မ တစ်သားတည်း ဖွံ့ဖြိုးတိုးတက်လာခဲ့တာဟာ ဘယ်လိုမှ ငြင်းလို့မရတဲ့ ဖွံ့ဖြိုးမှုသာဓကတစ်ခု ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဆက်သွယ်ရေးအနေနဲ့ ၁၉၈၈ ခုနှစ်မှ ယနေ့ထိ စာတိုက်စခန်း ၆၄ခု၊ ကြေးနန်းရုံး ၁၉ ခု၊ တယ်လီဖုန်းရုံး ၃၅ ခု၊ မိုက္ကရိုဝေ့ဗ်စခန်း ကိုးခု တိုးတက်လာခဲ့ပြီး ရေအားလျှပ်စစ် စက်ရုံ ၁၁ ခုနဲ့ နိုင်ငံပိုင် စက်ရုံ ၁၇ ရုံအထိ တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ စာကြည့်တိုက် ၁၁၉၈ တိုက်ကိုလည်း ပြည်နယ်သူ၊ ပြည်နယ်သားများ အသိအလိမ္မာတိုးတက်ရန်အတွက် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်တို့နဲ့အတူ လက်တွဲပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်နေကြတာကို မနာလိုမရှုဆိတ်တဲ့ ကိုလိုနီနယ်ချဲ့လက်သစ်များနဲ့ ပြည်တွင်း၊ ပြည်ပပုဆိန်ရိုးများဟာ ကျွန်မတို့ရဲ့ စည်းလုံးညီညွတ်မှုကို အမျိုးမျိုး သပ်လျှိုသွေးခွဲနေကြပါတယ်။ အဲဒီလို သပ်လျှိုသွေးခွဲမှုတွေကို ပြည်သူလူထုအနေနဲ့ အမှန်ကို သိမြင်ပြီး အသိတရားရှိရှိနှင့် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်တဲ့နေရာမှာ ဆန့်ကျင်ဘက်အဖွဲ့များ အနေနဲ့ အထူးသဖြင့် နယ်စပ်ကို အကာအကွယ်ယူပြီး အဖျက်လုပ်ငန်းများဖြင့် လုပ်ဆောင်နေကြသည့်အတွက် ကျွန်မတို့ပြည်နယ်အနေနဲ့ များစွာ နစ်နာခဲ့ရပါတယ်။ ဒါကြောင့် နယ်စပ်တစ်လျှောက် လုံခြုံမှုနဲ့ ငြိမ်းချမ်းရေးရယူမှုဟာ အထူးလိုအပ်ပါတယ်။ မွန်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဟာ ပြည်သူပြည်သားများအပေါ်မှာ လုံးဝတည်မှီနေပါတယ်။ နိုင်ငံတော်တစ်ဝန်း ငြိမ်းချမ်းမှုသာ နိုင်ငံတော်ရဲ့ အကျိုးစီးပွားကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။

မကြာတော့တဲ့ကာလမှာ နိုင်ငံတော်အတွက် တရားမျှတတဲ့ ရွေးကောက်ပွဲများ ကျင်းပသွားတော့မှာ ဖြစ်ပါတယ်။ နိုင်ငံတော်ကို စည်းကမ်းပြည့်ဝပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးတည်ဆောက်ရေးအတွက် ရှေ့ဆက်သွားရမယ့် မူဝါဒလမ်းစဉ်(၇) ရပ်အနက် ပဉ္စမအဆင့်ဖြစ်တဲ့ ရွေးကောက်ပွဲကြီးကို ၇-၁၁-၂၀၁၀ မှာ ကျင်းပတော့မှာဖြစ်ပါတယ်။ ဦးနိုင်ရှောင် ဦးစီးတပ်ဖွဲ့ဝင်များနဲ့ မိသားစုများ အနက် အသက်(၁၈)နှစ်ပြည့်ပြီးသူတိုင်း လွတ်လပ်စွာမဲပေးနိုင်မှာဖြစ်ပါတယ်။ ဒီလို မဲပေးနိုင်အောင်အတွက်လည်း ရွေးကောက်ပွဲအမီ ဆောင်ရွက်နိုင်ခဲ့တာဖြစ်ပါတယ်။

မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့ ခေါင်းဆောင် ဦးနိုင်ရှောင် လက်နက်များ အပ်နှံရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၊ ပြည်သူနဲ့ တပ်မတော်တို့ရဲ့ မေတ္တာ၊ စေတနာကို သိရှိနားလည်ပြီး လက်နက်အပ်နှင်းပွဲ အခမ်းအနားကို တက်ရောက်လာကြတဲ့ ဦးနိုင်ရှောင် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နဲ့အတူ ဦးလည်မသုန် ထမ်းရွက်သွားကြပါရန် စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့ခေါင်းဆောင် ဦးနိုင်ရှောင်က ၎င်းတို့၏ လက်နက်မျိုးစုံ၊ ခဲယမ်းမီးကျောက်

ဆက်လက်၍ ဗိုလ်ချုပ်သက်နိုင်ဝင်းက မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် ဆန်၊ ဆီ၊ အိမ်သုံးပစ္စည်းများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ အဖွဲ့ခေါင်းဆောင် ဦးနိုင်ရှောင်က လက်ခံရယူသည်။ ထို့နောက် ဗိုလ်ချုပ်သက်နိုင်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လက်နက်အပ်နှင်းပွဲ အခမ်းအနားသို့ တက်ရောက်လာကြသည့် မွန်ငြိမ်းချမ်းကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် မိခိုမိသားစုဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက ဗိုလ်ချုပ်

မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့များအား ဒေသခံပြည်သူများက လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုကြစဉ်။ (သတင်းစဉ်)

မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့ လက်နက်အပ်နှံပွဲ အခမ်းအနားသို့ တက်ရောက်လာသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဦးစီးတပ်ဖွဲ့ဝင်များနဲ့ မိသားစုဝင်များအား မွန်ပြည်နယ်အတွင်းရှိ ပြည်သူလူထု ကိုယ်စား လှိုက်လှဲဝမ်းသာစွာဖြင့် ကျေးဇူးတင်ဂုဏ်ပြုကြိုဆိုပါကြောင်းနှင့် အနာဂတ် နိုင်ငံတော်ရဲ့ အမျိုးသားရေးတာဝန်များကို ပြည်ထောင်စုစိတ်ဓာတ် အရင်းတည်ပြီး

နှင့် ဆက်စပ်ပစ္စည်းများကို တိုင်းမှူးထံ အပ်နှံသည်။

သက်နိုင်ဝင်း၊ တိုင်းမှူးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေပြီး လက်နက်အပ်နှံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့ လက်နက်အပ်နှံပွဲ အခမ်းအနားတွင် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များက ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြစဉ်။ (သတင်းစဉ်)

## တောင်ပိုင်းဒေသများ မိုးဆက်လက်ထစ်ချုန်းမည်

နေပြည်တော် အောက်တိုဘာ ၂၇

**ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** တပ်ကုန်းမြို့နယ်တွင် ၂ ဒသမ ၁၆ လက်မ၊ ပျဉ်းမနားမြို့နယ်တွင် ၁ ဒသမ ၇၃ လက်မ၊ နေပြည်တော်(ရေဆင်း)တွင် ၁ ဒသမ ၆၆ လက်မ၊ ခရမ်းမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ မအူပင်မြို့တွင် ၁ ဒသမ ၁၄ လက်မနှင့် မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၀၂ လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**အောက်တိုဘာ ၂၈ ရက် ညနေထိခန့်မှန်းချက်။** ။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်မည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

## ကထိန်လျာဥတ်သင်္ကန်းဆိုသည်မှာ

(၅) ခုရှိသော သင်္ကန်း ဖြစ်ရသည်။ (မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ)

## ရန်ကုန်မြို့ ချမ်းမြေ့မြိုင်ရိပ်သာကျောင်း (၁၃)ကြိမ်မြောက် ဘုံကထိန်သင်္ကန်းလှူဒါန်းဆက်ကပ်ပွဲ

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | [၁၃၇၂ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၁၄)ရက်] ၆-၁၁-၂၀၁၀ရက် |
| ကျင်းပမည့်နေရာ | - | ချမ်းမြေ့မြိုင်ရိပ်သာကျောင်း လေးထောင့်ကန်စံပြကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ |
| ရေစက်ချချိန် | - | နံနက် ၉ နာရီ |
| ဧည့်ခံကျွေးမွေးချိန် | - | နံနက်၁၁ နာရီမှ ၁၂ နာရီထိ |
| သတိပြုရန် | - | လှူဖွယ်ပစ္စည်းများကို နံနက် ၇ နာရီမှစ၍ အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားပါသည်။ |

**အမှုဆောင်များ**
**ချမ်းမြေ့မြိုင်ဝေယျာဝစ္စအဖွဲ့**
**ရန်ကုန်မြို့**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလရပ်ကွက်၊ အလံပြဘုရားလမ်း၊ အမှတ်(၃၄-ဒီ)နေ ဦးမောင်မောင်ညွန့် [၁၂/လမန(နိုင်)၀၀၂၃၃၄]သည် အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်-၄/၇၄၈၄/၂၀၁၀ဖြင့် တစ်ဦးတည်းမူပိုင်အဖြစ် တရားဝင်အသုံးပြုရန် ၃၀-၉-၂၀၁၀ ရက်စွဲဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ပါသည်။



၄/၇၄၈၄

အထက်ဖော်ပြပါ ရတနာပုံကုန်အမှတ်တံဆိပ်အမှတ်အသားကို သုံးစွဲပြီး အမွှေးတိုင်အမျိုးမျိုး ထုတ်လုပ်ဖြန့်ချိရောင်းချသွားမည် ဖြစ်ပါသည်။ အထက်ပါကုန်အမှတ်တံဆိပ် အမှတ်အသားကို ကပ်နှိပ် ထည့်သွင်းအသုံးပြုမည့်စက္ကူဘူး၊ ပလတ်စတစ်ဘူးခွံ၊ စက္ကူအိတ်၊ စက္ကူထုပ်၊ ပါဆယ်ထုပ်များပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးပြုလုပ်ပြီး ကပ်နှိပ်၍၊ ဖိနှိပ်၍၊ ရိုက်နှိပ်၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အသုံးပြုသွားမည်ဖြစ်သည်။ အဆိုပါကုန်အမှတ်တံဆိပ်အမှတ်အသားကို တစ်စုံတစ်ယောက်ကတရားဝင် လက်ရှိသုံးစွဲနေပါက ခိုင်လုံသော တရားဝင်မှတ်ပုံတင် စာချုပ်စာတမ်းများကို ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်တင်ပြနိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အဆိုပါ ကုန်အမှတ်တံဆိပ်ကို ဆက်လက်သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍အထက်ဖော်ပြပါ ရတနာပုံကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို အခြားမည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊ အများအနေဖြင့်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုသော်လည်းကောင်း၊ တစ်ခုလုံးကိုသော်လည်းကောင်း၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှား၊ သံတူကြောင်းကွဲဖြစ်စေ၊ အရောင်အဆင်း၊ ပုံသဏ္ဌာန်စသည်တို့ကို တုပ၍ပြုလုပ်သုံးစွဲခြင်း မပြုကြရန် သတိပေးတားမြစ်လိုက်ပါသည်။

သတိပေးတားမြစ်ချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဒေါ်ခင်မမ (စဉ်-၁၉၁၃)**
**B.Sc, B.L, R.A.,Dip.Ed.**
**တရားရုံးချုပ်ရှေ့နေ**
**အမှတ်(၅၅)၊ အခန်း(၁၄)၊ (ပ)ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉ ၅၁ ၆၈၅၀၃**

## ခွေးရောင်းရန်

Great Dane အမျိုးအစား ၄၅ ရက်သား ကာကွယ်ဆေးထိုးပြီး မျိုးကောင်းမျိုးသန့် ခွေးများရောင်းရန်ရှိသည်။ **ဖုန်း-၆၈၉၁၄၉၊ ၀၉၉၉၂၀၆၅၅၊၀၉၄၉၂၁၃၁၉၅**

## ခွေးရောင်းမည်

နှစ်(၂၀)ကျော် အတွေ့အကြုံအရ အကြိုက်ဆုံး Guard Dogမျိုး Doberman ခွေးသားပေါက်ရပြီ။
**၂၅၊ ဘောက်ထော်ဘုတာရုံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**

## ဇီဝမျိုးစုံ မျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## ကုန်အမှတ်တံဆိပ်အမှတ်အသားမူပိုင်ဖြစ်ကြောင်း သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊သယ်န်းကျွန်းမြို့နယ်၊ နန္ဒင်းကုန်းရပ်ကွက်၊ သုမင်္ဂလာလမ်း၊ သုမင်္ဂလာအိမ်ရာ၊ အမှတ်- TH-3 နေ ဒေါ်ဆုမွန်အောင် [၁၃/တကန(နိုင်) ၁၄၇၅၅၀] သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ်- (၇၉၆၂/၂၀၁၀)ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

UNITED Glass

UNITED Aluminium & U-PVC

မှတ်ပုံတင်သွင်းကြေညာသည့် ဒေါ်ဆုမွန်အောင်သည် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို မှန်၊ အလူမီနီယံ၊ ပိုက်၊ ထုတ်ကုန်ပစ္စည်းအမျိုးမျိုးပေါ်တွင်လည်းကောင်း၊ ကုန်ပစ္စည်းထည့်သွင်းအသုံးပြုသည့် ပါဆယ်ထုပ်များ၊ ထည့်သွင်းပစ္စည်းများ၊ ထုပ်ပိုးပစ္စည်းများပေါ်တွင်လည်းကောင်း၊ ကြော်ငြာအမျိုးမျိုး၊ ငွေရပြေစာဖြတ်ပိုင်းနှင့် တံဆိပ်တုံး အစရှိသည်တို့တွင်လည်းကောင်း၊ ဖိနှိပ်၍၊ ကပ်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ ရန်ကုန်မြို့နှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို မိမိမှတစ်ပါး အခြား မည်သူတစ်ဦးတစ်ယောက်မှဖြစ်စေ၊အများမှဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊တစ်စိတ်တစ်ဒေသဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုနေသည်များကို တွေ့မြင်သိရှိရပါက အတုအပပြုလုပ်၍ဖြန့်ဖြူးရောင်းချသူ မည်သူ့ကိုမဆို တရားမကြောင်းအရ ဖြစ်စေ၊ ရာဇဝတ်ကြောင်းအရဖြစ်စေ ဥပဒေနှင့်အညီ တရားစွဲဆိုခံရမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဆုမွန်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းဟန်**
**တရားရုံးချုပ်ရှေ့နေ**
**စဉ် (၄၁၀၅)**
**9/11-106(6/7) 1st Floor**
**36th Street (Lower), Kyauktada Ts.**
**Yangon, Myanmar.**
**Ph:(Off)385594. (Res) 577638**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊လှိုင်သာယာမြို့နယ်၊ရန်ကုန်-ပုသိမ်လမ်းမကြီးဘေးရှိ မြေတိုင်းအမှတ်(၈)၊ FMI City ပဒေသာပင်မြို့တော်၊ ငွေနှင်းဖြူသစ်ခွလမ်း အိမ်အမှတ်(၀. ၁၉၄)၊မြေဧရိယာ အကျယ်အဝန်းပေ(၈၀×၈၀)ခန့်ပေါ်ရှိ နှစ်ထပ်တိုက်အိမ်၏အကျိုးခံစားခွင့်အရပ်ရပ်ကို FMI City အိမ်ရာစီမံကိန်းထံမှ ဝယ်ယူထားသူ ဒေါ်ဝင်းမေ[၂/လကန(နိုင်)၀၁၀၇၉၃]က လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးအောင်ဇော်မိုး[၁၂/သလန(နိုင်)၀၇၂၈၁၆]ထံမှ ဝယ်ယူရန် ကျွန်ုပ် ဦးမြတ်ထွန်း[၁၂/အလန(နိုင်)၀၁၇၉၀၃]က စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းများဖြင့် ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးမြတ်ထွန်း**
**ဖုန်း-၆၅၀၀၀၃**
**အမှတ်(၃၇၃) ရွှေနှင်းဆီလမ်း၊**
**(၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၁၊ နည်းဥပဒေ -၂၀) ရန်ကုန်တိုင်းဒေသကြီးတရားရုံး ၂၀၁၀ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၈၈၀

| | | |
|---|---|---|
| ဦးစိုင်းအောင်ထက် (၎င်း၏အထွေထွေကိုယ်စားလှယ်စာ ရရှိသူ ဦးသန်းစိုးဦး) အမှတ်(R.6/A)၊ ပန်းခရေလမ်း၊ ခရေပင်ရိပ်မွန် အိမ်ရာ(၂)၊ ချစ်တီးကုန်းရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ | **နှင့်** | ဒေါ်ငွေငွေမြင့် ဂျပန်မုန့်တိုက်၊ ရခိုင်ကျောင်းလမ်း၊ ပုလဲမြို့သစ်၊မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့ |
| **တရားလို** | | **တရားပြိုင်** |

တရားပြိုင် ဒေါ်ငွေငွေမြင့် ဂျပန်မုန့်တိုက်၊ ရခိုင်ကျောင်းလမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့နေ (ယခု နေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေ ၅၀၀၀၀၀၀၀ိ/- (ငွေကျပ်သိန်းငါးရာတိတိ) ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်က ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ (၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်) နေ့ မွန်းမတည့်မီ ၉း၃၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့က ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ရမည်။

၂၀၁၀ ခုနှစ်၊ အောက်တိုဘာ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **သန်းထွန်း**

**တွဲဖက်တိုင်းတရားသူကြီး(၂)**
**ရန်ကုန်တိုင်းဒေသကြီးတရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေရပ်ကွက်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၂၀၉)၊ အကျယ်အဝန်း(၂၅ပေ×ပေ၅၀)၊ ၀. ၀၂၁၈ဧကရှိ နှစ် ၆၀ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးခင်မောင်အေး [၁၂/ဒပန(နိုင်) ၀၁၁၆၀၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံ ကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းမြင့်(အင်းမ)**
**B.A(Law),LL.B.,**
**D.B.L.,D.I.L., WIPO(GENIVA)**
**တရားရုံးချုပ်ရှေ့နေနှင့် ဥပဒေအကြံပေး**
**၅၆၃၊ ၆၀၄၊ ၆လွှာ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်**
**ရန်ကုန်မြို့၊ ဖုန်း-၀၉၅၀၀၂၉၅၀၊ ၀၁-၃၈၁၇၈၇**
**E-mail:sansanmyint1955@gmail.com.**

## BRAVO

အဝေးပြေး ကားလက်မှတ် အရောင်းလုပ်ငန်း ဂိတ်မှူးရင်းဈေး အတိုင်း အိမ်အရောက်ပို့စနစ်
**ဖုန်း-၂၁၇၀၉၇၊ ၂၁၂၃၉၅**
**အမှတ်(၆၂)၊ သစ်တောလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ်-တက/၅၄၅၅၈၊ ယာဉ်အမျိုးအစား-JLM၊ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်စန္ဒာမွန် မှတ်ပုံတင်အမှတ် [၁၃/တကန(နိုင်) ၂၈၈၁၂၁] မှ ယာဉ်မှတ်တင်စာအုပ်များ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၂/သမိုင်း)၊ မြေကွက်အမှတ်(၄/က^၅)၊ မြေကွက်တည်နေရာအမှတ်(၁)၊ သာယာအေးလမ်းသွယ်(၁)၊ ၃ရပ်ကွက်မရမ်းကုန်း (ဦးသန်းဆောင်)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးသန်းဆောင် ကွယ်လွန်သဖြင့် ဒေါ်ခင်ရွှေ [၁၂/မရက(နိုင်) ၀၉၁၆၂၆]က ဇနီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ကော့သောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် အေးမြကန်သာရပ်ကွက်၌ အဖွဲ့ဝန်ထမ်းများ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဦးစီးအရာရှိ ဦးဘဝွမ် ကွင်းဆင်းဆောင်ရွက်စဉ်။**

(မြို့နယ်စည်ပင်)

## စက်မှုလက်မှုသိပ္ပံ ချောက် (ချောက်-ဂျီတီအိုင်) ကျောင်းသားဟောင်းများ စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၇**

စက်မှုလက်မှုသိပ္ပံ (ချောက်) (ချောက်-ဂျီတီအိုင်) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ စုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း ဗဟန်း (၃) လမ်း မှတ်တိုင်အနီးရှိ အဘိဓမ္မာရတနာဃရဓမ္မာရုံ၌ ကျင်းပခဲ့ပြီး အောက်တိုဘာ ၃၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မန္တလေးမြို့ အမှတ် ၇၁×၃၁လမ်းထောင့်ရှိ နန်းဦးတိုက် မော်လမြိုင်ကျောင်း၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် လှူဖွယ်ပစ္စည်းပါဝင်လှူဒါန်းလိုသူများ ဦးကြည်ဝင်း ဖုန်း-၀၉-၅၀၈၃၉၃၄၊ ၀၁-၆၈၁၈၉၆၊ ဦးညီညီထွန်း ဖုန်း-၀၉-၅၁၀၄၃၃၅၊ ဦးခင်စိုး ဖုန်း-၀၉-၅၁၃၆၄၈၁၊ ၀၁-၆၅၃၃၄၄၊ ဦးငွေဝင်း ဖုန်း-၀၉-၂၀၂၇၆၉၁၊ ဦးထိန်ဝင်း ဖုန်း-၀၉-၆၅၀၂၆၀၈နှင့် ဦးထွန်းဝင်း ဖုန်း-၀၉-၆၈၀၁၇၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

**အောက်တိုဘာ ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၂) ကျောင်းခန်းမဆောင်၌ ကျင်းပသော မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေး၊ ဉာဏစွမ်းရည်ပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ငြိမ်း သီချင်းပြိုင်ပွဲ ပထမဆုရ မနှင်းအိလှိုင်အား ဆုချီးမြှင့်စဉ်။** (၄၁)

## သာစည်ကျေးလက်လမ်း ကျောက်ချောခင်း

**မတ္တရာ အောက်တိုဘာ ၂၇**

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်လမ်း၊ သာစည်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁ရက်က အမှုဆောင်အရာရှိ (လက်ထောက်ညွှန်ကြားရေးမှူး) ဦးမြင့်အောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်တို့က ကြီးကြပ်ဆောင်ရွက်ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ၁-၁-၂၀၁၁ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသားအိမ်ထောင်မရှိသူ(လူပျို)ဖြစ်ရမည်။

(ဂ) အရပ်အမြင့် (၅)ပေ(၃)လက်မ ရှိရမည်။

(ဃ) ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက် မနည်းရ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို တိုင်းစစ်ဌာနချုပ်များတွင် ၃၀-၉-၂၀၁၀ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၁၄-၁၁-၂၀၁၀ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်း/မြို့နယ်ရဲတပ်ဖွဲ့/ စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံကို ပူးတွဲတင်ပြရမည်။

၄။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း စစ်ဆေးမည်။ မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၂၈-၁၁-၂၀၁၀ ရက်နေ့တွင် အောက်ပါအတိုင်း ဖြေဆိုကြရမည်-

| | | | | |
|---|---|---|---|---|
| (က) | အင်္ဂလိပ်စာ | ။ နံနက် | (၉)နာရီမှ | (၁၁)နာရီထိ။ |
| (ခ) | ဇီဝဗေဒ | ။ နေ့လယ် | (၁)နာရီမှ | (၃)နာရီထိ။ |

၅။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်း ဖြစ်သည်။

၆။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၀-၁၂-၂၀၁၀ ရက်နေ့မှ ၂၄-၁၂-၂၀၁၀ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ် စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော် ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အသေးစိတ်သိလိုသောအချက်များကို တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

၇။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၄၅၀၀၀ိ/-)၊ဒုတိယနှစ်(၄၆၀၀၀ိ/-)၊တတိယနှစ်(၄၇၀၀၀ိ/-)၊ စတုတ္ထနှစ်(၄၈၀၀၀ိ/-)ရရှိမည်။

၈။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ပညာသည်ဘွဲ့(ရောဂါရှာဖွေရေးပညာ) B.P.Sc(Med. Tech)
Bachelor of Paramedical Science(Medical Technology)

(ဃ) ဆေးဘက်ပညာသည်ဘွဲ့(ဓာတ်မှန်ရိုက်ပညာ) B.P.Sc(Radiography)
Bachelor of Paramedical Science(Radiography)

(င) ဆေးဘက်ပညာသည်ဘွဲ့(ကာယကုသမှုပညာ) B.P.Sc(Physiotherapy)
Bachelor of Paramedical Science(Physiotherapy)

၉။ သင်တန်းပြီးဆုံးပြီးနောက် တပ်မတော်တွင် အနည်းဆုံး(၁၀)နှစ် အမှုထမ်းဆောင်ရမည်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ယနေ့

**ဆောင်းပါး၊ ကဗျာ၊ ကာတွန်းအညွှန်း**

**မိမိတို့၏ ဒီမိုကရေစီအခွင့်အရေးဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ကို အသိတရားနှင့်ယှဉ်ကာ အသုံးချပြီး ရွှေနိုင်ငံ၏ အနာဂတ်အတွက် မဲပေးကြဖို့ပင်ဖြစ် . . .**

ဒဂုံသား၏ "သူတို့အတွက် အရေးအကြီးဆုံးမှာ" (ဆောင်းပါး) စာမျက်နှာ - (၈၊ ၉) »

**မြန်မာတွေ အသိတရားရယ်နဲ့**
**သတိထားကြစေချင်သည်။**
**တိုင်းပြည်ကို ဘယ်သူချစ်ပါသလဲ**
**တိုင်းပြည်ကို ဘယ်သူနှစ်ပါသလဲ**
**အချစ်နှင့် အနှစ်အား**
**ခွဲခြားသင့်ပြီ။**

ခွန်ရဲသွေး (အေးသာယာ)၏ "ပြည့်ဂုဏ်ရောင် ထွန်းပြောင်လင်းစေဖို့" (ကဗျာ) စာမျက်နှာ - (၉) »

မြေဇာ၏ "တို့ဆီမှာ ဒီလိုမျိုး မဖြစ်စေဖို့ . . ." (ကာတွန်း) စာမျက်နှာ - (၉) »

**မွေးရပ်မြေကို မရောက်ဖြစ်တာကြာခဲ့ပြီ။ မှတ်မှတ်ရရ နှစ်ပေါင်း ၂၀ကျော်လောက် ရှိမယ်လို့ထင်ပါတယ်။ မြို့ပြမှာ အလုပ်တာဝန်များပြားစွာနဲ့ ဖြတ်သန်းရင်း မကြာခဏ မွေးရပ်မြေကို သတိရစိတ်၊ လွမ်းစိတ်တွေ ဖြစ်ပေါ်နေတတ်တာကတော့ အမှန်ပါပဲ။ မွေးရပ်မြေကို လွမ်းတဲ့စိတ် ဖြစ်ပေါ်နေခဲ့ပေမယ့် ကိုယ်တိုင်တော့ ရောက်အောင်မသွားနိုင်ခဲ့ပါဘူး။ ပြီးခဲ့တဲ့နှစ်ရက်က မွေးရပ်မှ ကျွန်တော့်ဦးကြီး ရောက်လာတာမို့ မွေးရပ်မြေက သတင်းကောင်းတွေကို ဝမ်းသာစွာ ကြားသိခဲ့ရပါတယ်။ ကျွန်တော်တို့မွေးရပ်မြေမှာ အိမ်တိုင်းနီးပါး လျှပ်စစ်မီးတွေ ထိန်ထိန်လင်းလို့တဲ့. . . .။**

# ပြည်သူတို့ဘဝ မြင့်မားတိုးတက်စေရန် ဖြည့်ဆည်းပေးနေသည့်

မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနိုင်မှုနဲ့ တည်ဆောက်နိုင်မှု အနေအထားကိုကြည့်ရင် ၁၉၈၈ခုနှစ် မတိုင်မီမှာ လျှပ်စစ်ဓာတ်အားပေးစက်ရုံ နှစ်ရုံသာရှိခဲ့ပြီး အဲဒါတွေက ၁၆၈ မဂ္ဂါဝပ်ထုတ်လုပ်နိုင်တဲ့ ဘီလူးချောင်း အမှတ်(၂) ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံနဲ့ ၅၆ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်တဲ့ ကင်းတားရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတို့ပဲ ဖြစ်ပါတယ်။

၁၉၈၈ ခုနှစ် နောက်ပိုင်းမှာတော့ လျှပ်စစ်ဓာတ်အားပေးစက်ရုံ ပေါင်း ၁၅ရုံအထိ တည်ဆောက်နိုင်ခဲ့ပြီ ဖြစ်တဲ့အပြင် ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတစ်ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၁၅ ရုံ စုစုပေါင်း ၃၁ရုံ အထိ တည်ဆောက်ပေးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ စက်တပ်ဆင်အားအနေနဲ့ ၁၉၈၈ခုနှစ် မတိုင်မီက ၅၂၉ ဒသမ ၅ မဂ္ဂါဝပ်သာ ရှိခဲ့ပေမယ့် ၁၉၈၈ခုနှစ် နောက်ပိုင်းယနေ့ကာလအထိ ၂၈၄၈ မဂ္ဂါဝပ်အထိ ရှိလာခဲ့ပြီ ဖြစ်ပါတယ်။

၁၉၈၈ခုနှစ် နောက်ပိုင်းမှာ မြန်မာနိုင်ငံရဲ့ ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံနဲ့ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံတွေ တစ်ခုပြီးတစ်ခု ထွက်ပေါ်လာခဲ့တာ တွေ့ရပါတယ်။ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ■

**မွန်ငြိမ်းချမ်းကာကွယ်ရေးအဖွဲ့ လက်နက်အပ်နှံပွဲ အခမ်းအနားကျင်းပ သတင်းကို စာမျက်နှာ (၁၀၊ ၁၁) တွင် ဖော်ပြထားပါသည်။**